ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (20-7-2011) (၆၂၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။

(သတင်းစဉ်)

အင်းလေးအလှသဘာဝ ဝိုင်းဝန်းထိန်းသိမ်းကြ

ညိုဝင်းအောင်(တောင်ကြီး)

အင်းလေးသို့ ကျောင်းပိတ်ရက် ဘုရားဖူးထွက်ကြမည်ဆိုလျှင် ညောင်ရွှေမြို့တွင် ချောင်းရေ တသွင်သွင် စီးဆင်းနေသည်ကို မြင်တွေ့ရမည်။ မူလ လှေဆိပ်နေရာများတွင်မဟုတ်ဘဲ ရေများရာ ချောင်းကျယ်နေရာများတွင် လှေဆိပ်များ ပြောင်းလဲ၍ လှေငှားစီးရမည်ကို ပထမဦးစွာ စုံစမ်းရမည်ဖြစ်သည်။ လှေစီးကြရာတွင် နေဒဏ်၊ မိုးဒဏ်ကာကွယ်သော အဝတ်အစား၊ ဦးထုပ်၊ ထီးတို့ကို အသုံးပြုကြရသည်။

အင်းလေးရှိ ရွာများ၊ ခြံများတွင် မိုးကြိုစိုက်ခင်းများ၊ ရေခြံများ၌ ပြင်ဆင်ဆောင်ရွက်နေကြသော မြင်ကွင်းများ၊ မိုးစပါးစိုက်ခင်းများနှင့် ပတ်ဝန်းကျင်တောတောင်မြူခိုးများ ဝေနေသော ရှုခင်းများက အင်းလေးရောက်သူတိုင်း သဘာဝအလှကို ခံစားရမည်ဖြစ်သည်။ အချို့လယ်ကွင်းများတွင် ရေဖွေးနေပြီး ငါးရှာနေသော ဗျိုင်းဖြူအုပ်များနှင့် အခြားငှက်အုပ်များ၏ လှပစွာမြူးထူးပျံသန်းနေသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရပေမည်။

ဘေးမဲ့သတ်မှတ်ထားသော အင်းလေးစင်ရော်များနားခိုရာ အင်းလေးကန်ကို တွေ့ရစဉ်။

သဘာဝဘေးမဲ့တော

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သားငှက်များ မျိုးမသုဉ်းစေရန်အတွက် သစ်တောဦးစီးဌာနသည် မြေထိန်းသိမ်းရေးဌာန၊ ဆည်မြောင်းဌာနတို့နှင့် ပူးပေါင်းပြီး တောမီးမလောင်ရေး၊ ကျွန်းမျောစိုက်ခင်းများ မတိုးချဲ့ရေး၊ ရေကြောင်းသွားလာမှု ကျဉ်းမြောင်းနေမှု မဖြစ်စေရေးနှင့် ဘေးမဲ့သတ်မှတ်ထားသောငှက်နှင့် သားရဲတိရစ္ဆာန်များ မဖမ်းဆီး၊ မပစ်ခတ်ရေးအမိန့်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ◯**

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၁၉

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၁၅၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့၌ ၂၈၁၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ကြေးမှုံ The Mirror
၂၀- ၇ -၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာ

လူမှုစီးပွားတိုးတက်လာမှုနှင့်အတူ မော်တော်ယာဉ်သုံးစွဲမှု များပြားလာသည်။ မြို့ကြီးပြကြီးများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ လူနေသိပ်သည်းလာသည်။ မော်တော်ယာဉ်အရေအတွက် တိုးပွားလာလျက်ရှိသည်။ လူဦးရေနှင့် မော်တော်ယာဉ်များပြားလာမှုကြောင့်လည်း ယာဉ်တိုက်မှုများ၊ ယာဉ်မတော်တဆဖြစ်မှုများ မြင့်တက်လာသည်ကို တွေ့ရသည်။

ယခုအခါ ရန်ကုန်မြို့၏ မြို့တွင်း မြို့ပြင် ဆက်သွယ်သွားလာသည့် လမ်းများ ကျယ်ဝန်းကောင်းမွန်လျက်ရှိရာ မော်တော်ယာဉ်များ မိုင်နှုန်းမြင့် မောင်းနှင်လာကြသည်။ အချို့သောယာဉ်မောင်းများ ယာဉ်စည်းကမ်း ချိုးဖောက်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းများကြောင့် ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလာသည်။ သေကျေထိခိုက်ဒဏ်ရာရမှုများ ကြုံတွေ့ကြရသည်။

ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုများသည် အဓိကအားဖြင့် ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားရသည်။ အများအားဖြင့် မူးယစ်သောက်စားမောင်းနှင်ခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင် ယာဉ်ကြောလုမောင်းနှင်ခြင်း၊ မိုင်နှုန်းမြင့်မောင်းနှင်ခြင်းစသည့် မဆင်မခြင်မောင်းနှင်နေမှုများကို တွေ့မြင်နေရဆဲဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်တိုက်မှုအများဆုံးဖြစ်လေ့ရှိသည့်နေရာ ၆၁ နေရာနှင့် ယာဉ်တိမ်းမှောက်မှု အများဆုံးဖြစ်ပွားသည့်နေရာ ၁၇ နေရာရှိကြောင်းသိရသည်။ အများအားဖြင့် လမ်းဆုံ၊ မီးပွိုင့်နှင့် တံတားများရှိသည့်နေရာများတွင် ဖြစ်ပွားသည်။ ယာဉ်မောင်းသူတိုင်း မြို့တွင်းမြို့ပြင်သတ်မှတ်ယာဉ်ကြော၊ သတ်မှတ်မိုင်နှုန်းနှင့်အညီ မောင်းနှင်စေရေး ပိုမိုကြပ်မတ်ဆောင်ရွက်သင့်သည်။

ထို့အပြင် ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်တတ်သကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားလျက်ရှိသည်။ ခရီးသွားပြည်သူများအနေဖြင့် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းဖြတ်မကူးဘဲ စောင့်ဆိုင်းကြရပေမည်။ ယာဉ်မောင်းများကလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့၍ မောင်းနှင်ကြရန် လိုအပ်သည်။

ယာဉ်မတော်တဆဖြစ်ပွားသည့်အခါ လူမှုရေးအရ သေကျေထိခိုက်နစ်နာမှုများ ကြုံတွေ့ကြရသည်။ စက်ကိရိယာပစ္စည်းပိုင်းဆိုင်ရာ ဆုံးရှုံးမှုများလည်းရှိသည်။ သက်ဆိုင်ရာတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ထိန်းသိမ်းကြပ်မတ်နေပြီ။ အသိပညာပေးဟောပြောပွဲများ၊ ပြပွဲများ ပြုလုပ်လျက်ရှိသည်။ ယာဉ်မောင်းသူတိုင်းက သတ်မှတ်ယာဉ်စည်းကမ်းများနှင့်အညီ တိတိကျကျလိုက်နာမောင်းနှင်ကြရန်နှင့် ခရီးသွားပြည်သူများကလည်း လမ်းစည်းကမ်းများ သတိပြုဆင်ခြင်လိုက်နာသွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၅။ ဇာတ်လမ်းတို
၄း၄၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၇။ လျှပ်တစ်ပြက်
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈၃)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၄၀)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၄၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဘကြီးအောင်မညာဘူး (ဟန်ထက်စော၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)](ဇာတ်သိမ်း)
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၂၂)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူမှုဆက်ဆံရေးကောင်းမွန်၍ လူအများယုံကြည်အားထားရသည့် သူနာပြုများနှင့် ဆေးရုံများဖြစ်လာစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ Ultrasound အသုံးပြုမှု၊ အရိုးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ကလေးကုသဆောင်၊ အရိုးအကြောအဆစ်ကုသဆောင်နှင့် သားဖွားကုသဆောင်များကိုလည်းကောင်း၊ ဆောက်လုပ်လျက်ရှိသည့် ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တောင်ငူ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအားတွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အောင်မြင်အောင်ဆောင်ရွက်ရာ၌ ရည်ရွယ်ချက် လုပ်ငန်းလမ်းစဉ်မှန်ကန်ပြီး အချိန်အခါ အခြေအနေနှင့်ကိုက်ညီရန် လိုအပ်ကြောင်း၊ ဆရာမများအနေဖြင့် လူနာနှင့် ပြည်သူလူထုအား ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ဖြင့် ပြောဆိုဆက်ဆံရေးသည် အဓိကအရေးပါသဖြင့် နားလည်သဘောပေါက် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးရုံဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ အရေးပေါ်လူနာဌာန၊ ဆေးထည့်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကိုလည်းကောင်း၊ မြို့လှတိုက်နယ်ဆေးရုံ၌ ကလေးကုသဆောင်၊ လူနာကုသဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တိုက်နယ်ဆရာဝန်နှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကိုယ်ဝန်ဆောင်မိခင်များအား ကျွမ်းကျင်သောဆရာဝန်၊ ကျန်းမာရေးဆရာမ၊ သားဖွားဆရာမများနှင့် မွေးဖွားစေခြင်းဖြင့် မိခင်သေနှုန်းနှင့် ကလေးသေနှုန်း ကျဆင်းအောင် အဓိကဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တောင်ငူအထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများနှင့် အလုပ်သင်ဆရာဝန်များအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ရပ်မိရပ်ဖ ပြည်သူများနှင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်မှသာ တိုးတက်အောင်မြင်မှုရရှိမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တောင်ငူသူနာပြုနှင့် သားဖွားသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် သင်ကြားရေးဆရာမများ၊ သင်တန်းသူ၊ သင်တန်းသားများအား တွေ့ဆုံ၍ သူနာပြုပညာရပ်သည် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်ပြီး လူအများ၏အသက်နှင့် ကျန်းမာရေးကို စောင့်ရှောက်ရသည့် လုပ်ငန်းပညာရပ်ဖြစ်ကြောင်း၊ စာမေးပွဲအောင်ရုံသာမက သူနာပြုတစ်ဦး၏ တတ်မြောက်သင့်သည့် အခြေခံသူနာပြုပညာရပ်များကို ကျွမ်းကျင်တတ်မြောက်စေရန် သင်တန်းဆရာမများက လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတသာမက ခံယူချက်သဘောထားကောင်းသော ကျွမ်းကျင်သည့်သူနာပြုများ မွေးထုတ်လေ့ကျင့်ပေးစေလိုကြောင်း၊ သူနာပြုများကလည်း မိမိတို့၏ သူနာပြုပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်စေရန် လေ့ကျင့်အားထုတ်ပြီး ပြည်သူအသက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူမှုဆက်ဆံရေးကောင်းမွန်၍ လူအများ ယုံကြည်အားထားရသည့် သူနာပြုများနှင့် ဆေးရုံများဖြစ်လာစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

လက်တွေ့အသုံးချ GIS သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၉

Amigos International Co.,Ltd. မှ အစိုးရရုံးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများအတွက် လိုအပ်သော သတင်းအချက်အလက်များကို လျင်မြန်စွာ ရယူအသုံးချနိုင်သော တည်နေရာနှင့် ၎င်းတည်နေရာရှိ သတင်းအချက်အလက်များကို ပေါင်းစပ်အသုံးပြုနိုင်သော GIS(Geographical Information System) သင်တန်းကို ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ရှိ Amigos International Co.,Ltd. သင်တန်းခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ GIS သင်တန်းတွင် GIS Module သုံးခုအထိ ပါဝင်မည်ဖြစ်ပြီး Module(1)တွင် Vector GIS,Data Design Collection,Cartography နှင့် Mapping သင်ခန်းစာများ ပါဝင်မည်ဖြစ်ပြီး Module (2) တွင် Raster GIS, Remote Sensing, Raster Modeling and Analysis, Image Processing and Analysis နှင့် Module (3) တွင် GPS+Mobile GIS,GPS Survey with Image Overlay အသုံးပြုပုံများ ပါဝင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Amigos International Co.,Ltd.အမှတ် SH-102, SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂၊ ၀၉-၇၃၀၈၇၇၀၉၊ ၀၉-၄၉၂၂၅၉၈၄၊ Email; support @ amigomyanmar.comသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၁၀၀	၀. ၀၃၃၄၃
တရုတ် (ယွမ်)	၆. ၄၆၄၀၀	၀. ၁၅၄၇၀
အိန္ဒိယ (ရူပီး)	၄၄. ၆၉၅၀	၀. ၀၂၂၄၇
မလေးရှား (ရင်းဂစ်)	၃. ၀၁၂၅၀	၀. ၃၃၁၉၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၆၀၈	၀. ၈၂၂၃၁
ဂျပန် (ယန်း)	၇၈. ၉၃၄၅	၀. ၀၁၂၆၇
တောင်ကိုရီးယား(ဝမ်)	၁၀၅၉. ၇၉	၀. ၀၀၀၉၄
ယူရို	၀. ၇၀၅၈၀	၁. ၄၁၆၈၃
ဗြိတိသျှ (ပေါင်)	၀. ၆၂၀၁၉	၁. ၆၁၂၄၁

အင်တာနက်။

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) ၏ စုပေါင်းအလှူပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် ဆင်ဖြူကျွန်းမြို့သူ၊ မြို့သားများ မပျက်မကွက် တက်ရောက်လှူဒါန်းကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမောင်မောင်ကြီး ဖုန်း-၀၉-၈၀၂၄၂၅၀၊ ဦးစန်းလွင် ဖုန်း-၀၁-၅၃၀၀၅၈၊ ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉၊ ဦးမောင်မောင်လင်း ဖုန်း-၀၉-၈၆၁၄၀၁၂ တို့သို့ စာရင်းပေးသွင်းလှူဒါန်းနိုင်သည်။ (ကြေးမုံ)

ဥတုရာသီ တောကို မှီ၏

✳ ရှေ့ဖုံးမှ

မေတ္တာပို့အမျှဝေပြီး ၂ မိနစ် ငြိမ်သက်စွာနေခြင်းတို့ကို ဆောင်ရွက်ကြသည်။ ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း ၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍လည်းကောင်း၊ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က လွမ်းသူ့ပန်းခြင်းချ၍လည်းကောင်း အလေးပြုပြီး ကန်တော့ကာ မေတ္တာပို့ အမျှပေးဝေကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းနောက် အများပြည်သူများကလည်း အာဇာနည်ဗိမာန်သို့ လာရောက်ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်များ၌ ဂါရဝပြုကြသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့ လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားမိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "နေခုနစ်စင်း" တရားတော် (ဆရာတော်အရှင်ပညာဝံသာလင်္ကာရ)
၆း၄၀ တောင်းဆုအမှန်ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၀)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၂)**
၈း၅၀ ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)၏ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲ
၉း၀၅ ရောင်စုံပန်းတို့အလှခြယ်ရာ. . . ကမ်းလင့်မေတ္တာဖေးကူပါ
၉း၁၅ ယုံကြည်ချက်များနဲ့အတူ
၉း၂၅ အားကစားမြင်ကွင်းစုံ
၁၀း၀၀ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၁၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁၀း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၀ "ရုပ်ရှင်ထဲကကျန်းမာရေး" (ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေး) (ဒေါက်တာခင်မောင်လွင်၊ ဒါရိုက်တာကြည်စိုးထွန်း)
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ်
၁၂း၁၅ ဆေးလိပ်ဖြတ်ပွဲနှင့်အသည်းခြောက်ရောဂါအကြောင်းဟောပြောပွဲ
၁၂း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀ "နေခုနစ်စင်း" တရားတော် (ဆရာတော်အရှင်ပညာဝံသာလင်္ကာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၀)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၁၂)**
၅း၀၀ အဂ္ဂမဟာမဏ္ဍိတနာကျောင်းတော်ကြီးအတွက် ဒုတိယအကြိမ်မြောက်အလှူတော်ငွေပေးအပ်ပွဲ
၅း၁၅ မူဟန်ကိုယ်စီတေးကိုသီ
၅း၂၀ မေတ္တာရေကြည်တစ်ပေါက်မှသည်
၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ Activities in The City
၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၁)**
၇း၁၅ Cartoon Show Time
၈း၀၀ MRTV-4 သတင်း
၈း၃၀ သင်ကြားရေးလမ်းညွှန်
၉း၀၀ Celebrity Style
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်း "မာယာမျဉ်းပြိုင်"(အပိုင်း-၁၃)**
၁၀း၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၀း၄၅ Industrial Talk
၁၁း၀၅ World of Knowledge
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၁၀ ဖန်တီးသူနှင့်အနုပညာ
၁၂း၃၀ ရှိတော့ရှိတယ်ရှားတယ် (ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်-ဇိုင်း၊ ဟိန်းတေဇာ၊ ချစ်စနိုးဦး) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၁၂း၅၀ Movie Mistakes (Matrix)
၁း၁၀ မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၁း၂၀ Celebrity Profile (Rain)
၁း၅၀ ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
၂း၁၅ Shooting Location
၂း၃၀ အမြင်ဆန်းတင့်သပ်ရပ်ခံ့ထည် အလှဆင်မယ်
၂း၄၅ လွန်းတင်သည့်ကြိုး
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ လှမ်းလာခဲ့ပါ. . . နောင်အင်းလေးကကြိုနေမှာ
၄း၂၅ မြန်မာ့ရွှေချည်ထိုးပညာ
၄း၃၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၅း၀၀ အစီအစဉ်ပြီး။

ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးကျော်လွင် ပုသိမ် - မုံရွာလမ်းနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်များလိုက်ပါ၍ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် အုတ်တွင်း-ပေါက်ခေါင်း-ပြည်လမ်းမှတစ်ဆင့် ပုသိမ်-မုံရွာလမ်း ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးနယ်စပ် မိုင်တိုင် အမှတ်(၁၇၉/၆)မှ လမ်းတစ်လျှောက် မိုးတွင်းကာလ လမ်းအခြေအနေနှင့် ပြင်ဆင်ထိန်းသိမ်းမှုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁) လွှာချောင်းတံတား ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့အား ပုသိမ်-မုံရွာလမ်းရှိ လမ်းပိုင်းအားလုံးပြီးစီးကာ အသုံးပြုနေပြီဖြစ်၍ ဆောင်ရွက်ဆဲ တံတားများလည်းပြီးစီးရန်၊ အလေအလွင့်မရှိအောင် ထိန်းသိမ်းရန်၊ တံတားပြီးသည်နှင့် ချဉ်းကပ်လမ်းပိုင်းပါ တစ်ပါတည်းပြီးစီးရန်တို့ကို မှာကြားခဲ့ပြီး တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လွှာချောင်းတံတားမှာ အရှည်ပေ ၉၆၀ ရှိ၍ ယခုအခါ တံတားအောက်ခြေ ဘိုးပိုင်လုပ်ငန်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ်(၂၁၂/၂)ရှိ မင်းတုန်းချောင်း တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

မင်းတုန်းချောင်းတံတားသည် အရှည်ပေ ၁၀၈၀ ရှိ၍ ပေ ၁၂၀ ခန်းဖွင့် ကိုးခန်းပါရှိပြီး တံတားအောက်ထည် RC ဘိုးပိုင်ဖောင်ဒေးရှင်းနှင့် ကိုယ်ထည်ပိုင်းကို ပေ ၁၂၀ Steel Plate Girder များ အသုံးပြုကာ RC တံတားအဖြစ် တည်ဆောက်လျက်ရှိသည်။ (သတင်းစဉ်)

မြစ်ကိုတွေ့လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့

စာဖတ်ရှိန်မြှင့်တင်ရေး၊ အသိပညာဗဟုသုတ ပြန့်ပွားရေးအတွက် စာပေဟောပြောပွဲများ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသော ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)နှင့် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့သည် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတ ပြန့်ပွားရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း စာပေဟောပြောပွဲများသို့ သွားရောက်ဟောပြောခဲ့ကြသည်။

ယင်းသို့ ဟောပြောရာ၌ ဇူလိုင် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်း စံပြကျေးရွာနှင့် ဇူလိုင် ၁၀ ရက်အထိ မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာတို့တွင် ည ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ဇူလိုင် ၁၁ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမြို့ အထက(၂၀)နှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မန္တလေးမြို့ အထက (၁၀)၌လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တံတားဦးမြို့နယ် ချောင်းခွကျေးရွာ၌လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမြို့ မြမန္တလာဟိုတယ်၌လည်းကောင်း ဟောပြောခဲ့ကြသည်။

အဆိုပါ စာပေဟောပြောပွဲများ ဖြစ်မြောက် အောင်မြင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ရုံးများက သက်ဆိုင်ရာကျောင်း၊ မြို့နယ်၊ ကျေးရွာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်စိန်ဖူးတော်ကြီးကို အသစ်ပြုလုပ်ဆက်ကပ်လှူဒါန်းရန်အတွက် အောင်မင်္ဂလာအဝေးပြေးစခန်း(မထသ) က အလှူငွေကျပ် ၁၀ သိန်း၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့က ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၂၃ သိန်းကို ဇူလိုင် ၁၅ ရက် (ဝါဆိုလပြည့်နေ့)တွင် ဘုရားကြီးရင်ပြင်တော်ပေါ်၌ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် စီမံ(ငြိမ်း) ဒေါက်တာမြင့်ကြည်နှင့် ညွှန်ကြားရေးမှူး ဦးထွန်းညွှန့်တို့က လက်ခံရယူသည်။**(အပေါ်ပုံ)**(၅၆၁)

ဒိုက်ဦးမြို့နယ်တွင် ငါးသယံဇာတထိန်းသိမ်းရေး ဟောပြော

ဒိုက်ဦး ဇူလိုင် ၁၉

ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများသည် ဒိုက်ဦးမြို့နယ် ပုကိုင်ကျေးရွာ အလကကျောင်းခွဲတွင် ဇူလိုင် ၈ ရက်က မြို့နယ် ဦးစီးဌာနမှူး ဦးကျော်စိုးက ငါးသယံဇာတမျိုးသုဉ်းမှုမရှိစေရန် အသိပညာပေးဆွေးနွေးဟောပြောပြီး **(အောက်ပုံ)** ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၊ ဘောပင် ၂၅၀၊ ခဲတံ ၂၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ (ကြေးမုံ)

အစ္စရေးနိုင်ငံ နိုင်ငံတကာလေဆိပ်သစ် တည်ဆောက်မည်

ဂျေရုဆလင် ဇူလိုင် ၁၉

အစ္စရေးနိုင်ငံ၌ နိုင်ငံတကာလေဆိပ်သစ်တည်ဆောက်ရန် အစိုးရအဖွဲ့က ခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ဇူလိုင် ၁၉ ရက်က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံတောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် အီလက်မြို့မြောက်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာ တင်နာ ချိုင့်ဝှမ်းဒေသ၌ နိုင်ငံတကာလေဆိပ်သစ်ကို တည်ဆောက်မည် ဖြစ်ကြောင်း၊ အစီအစဉ်အသေးစိတ်နှင့်ပတ်သက်၍ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအစိုးရအဖွဲ့ထံသို့တင်ပြကာ မဲခွဲဆုံးဖြတ် မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နိုင်ငံတကာလေဆိပ်သစ်တည်ဆောက်ရေးဆိုင်ရာ ဝန်ကြီး အဆင့်အထူးကော်မတီသည် လေဆိပ်တည်ဆောက်ရေး အစီ အစဉ်နှင့် ပတ်သက်၍ ဇူလိုင် ၁၈ ရက်က ဆွေးနွေးခဲ့သည်။

အဆိုပါလေဆိပ်သည် အရပ်ဘက်သုံးလေဆိပ်ဖြစ်ပြီး လေဆိပ်အမည်ကို ရာမွန်ဟုခေါ်ရန် ရွေးချယ်ထားသည်။ အီလက်မြို့လယ်၌ နှစ်ပေါင်း ၆၀ ကြာမျှအသုံးပြုလာခဲ့သော လေယာဉ်ကွင်းကို အစားထိုးကာ နိုင်ငံတကာလေဆိပ်သစ်ကို တည်ဆောက်မည်ဖြစ်သည်။

အီလက်မြို့သည် စီးပွားရေးအရ အချက်အချာကျပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်း ကြောင်း၊ သို့ဖြစ်၍ အီလက်မြို့၌ နိုင်ငံတကာလေဆိပ်သစ်ကို တည်ဆောက်ရန်ရွေးချယ်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဗက်စတာဂြိုဟ်သိမ်ပတ်လမ်းအတွင်းရှိ အရုဏ်ဦးအာကာသယာဉ် ၂၀၁၂ ခုနှစ်၌ စီးရက်စ်အမည်ရှိ ဂြိုဟ်တစ်စင်းသို့ ခရီးဆက်မည်

နယူးယောက် ဇူလိုင် ၁၉

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ(နာဆာ)၏ အရုဏ်ဦးအမည်ရှိ အာကာသ ယာဉ်သည် ဇူလိုင် ၁၆ ရက်က ဗက်စတာအမည်ရှိ ဂြိုဟ်သိမ်ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့ပြီးနောက် ယင်းဂြိုဟ်သိမ်၏ အနီးကပ်ဓာတ်ပုံကို ကမ္ဘာမြေသို့ ရိုက်ကူးပေးပို့နိုင်ပြီဖြစ်သည်။

နေစကြဝဠာဖြစ်တည်မှု၏ အစောဆုံးကာလကို သက်တမ်းသတ်မှတ်ရာ၌ အထောက်အကူပြုနိုင်ဖွယ်ရှိသည့် ဂြိုဟ်သိမ်မျက်နှာပြင် လေ့လာမှုအား စတင်ရန် အရုဏ်ဦး အာကာသယာဉ်က ပြင်ဆင်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။ဗက်စတာဂြိုဟ်သိမ်ကို လွန်ခဲ့သည့် နှစ် ၂၀၀ ခန့်ကပင် နက္ခတ္တဗေဒပညာရှင်များက စူးစမ်းလေ့လာနိုင်ခဲ့ပြီး ရှေးခေတ် ရောမလူမျိုးများ ယုံကြည်ကိုးကွယ်သည့် မီးလင်းဖို၊ နေအိမ်နှင့် မိသားစုစောင့်နတ်သမီး၏အမည်ကို အစွဲပြုကာ ဗက်စတာဟူ၍ အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဗက်စတာဂြိုဟ်သိမ်သို့ ရောက်ရှိရန် မိုင် ၁ ဒသမ ၇ ဘီလီယံခရီးနှင်ခဲ့ရသော အရုဏ်ဦးအာကာသယာဉ်သည် ယင်းဂြိုဟ်သိမ်၏ ပတ်လမ်းအတွင်း လာမည့်နှစ်အထိ ပျံသန်း လေ့လာပြီးနောက် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် စီးရက်စ် အမည်ရှိ ဂြိုဟ်ငယ်တစ်စင်းထံ ဆက်လက်ခရီးနှင်မည် ဖြစ် သည်။အရုဏ်ဦးအာကာသယာဉ်သည် စီးရက်စ်ဂြိုဟ်သို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရောက်ရှိမည်ဖြစ်ပြီး လေ့လာမှုများ လုပ်ဆောင်သွားမည် ဖြစ်သည်။

ဗက်စတာဂြိုဟ်သိမ်နှင့် စီးရက်စ်ဂြိုဟ်ငယ်နှစ်စင်းလုံး သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်အကြား ဂြိုဟ်သိမ် ခါးပတ်လမ်းကြောင်း၌ တည်ရှိပြီး စီးရက်စ်ဂြိုဟ်က အကြီး မားဆုံးဂြိုဟ်ဖြစ်သည်။ **အင်တာနက်။**

၁၉၅၈ ခုနှစ် ဇူလိုင် ၂၉ ရက်က တည်ထောင်ခဲ့သော နာဆာအဖွဲ့၏ အရုဏ်ဦးအာကာသယာဉ် ၂၀၁၂ ခုနှစ် ဇူလိုင်လ၌ ခရီးဆက်နှင်မည့် စီးရက်စ်ဂြိုဟ်ငယ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့အကြီးဆုံး ယူရေနီယံသတ္တုသိုက် အိန္ဒိယနိုင်ငံ တောင်ပိုင်း၌ တွေ့ရှိ

နယူးဒေလီ ဇူလိုင် ၁၉

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်သည် ကမ္ဘာပေါ်၌ ယူရေနီယံသတ္တုသိုက် အကြီးဆုံးတည်ရှိရာဒေသ ဖြစ်သည်ဟု ယူဆရကြောင်း အိန္ဒိယအဏုမြူစွမ်းအင်ကော်မရှင် အကြီးအကဲက ဇူလိုင် ၁၉ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကာဒါပါခရိုင် ကမ်မာလာပယ်လီဒေသ၌ ယူရေနီယံသတ္တုသိုက် တန်ချိန် ၁၅၀၀၀၀အထိ တည်ရှိနိုင်သောသတ္တုသိုက်ကို ရှာဖွေတွေ့ရှိရ ကြောင်း အဏုမြူစွမ်းအင်ကော်မရှင်အကြီးအကဲ ဘာနာဂျီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် နျူကလီးယားစွမ်းအင်လိုအပ်ချက် မြင့်တက်လျက်ရှိရာ ယူရေနီယံ သတ္တုသိုက်များကို မှီခိုအားထား နေရသည်။

အဆိုပါဒေသ၌ ယူရေနီယံသိုက်သည် အလျား ၂၁ မိုင် (၃၅ ကီလိုမီတာ) ကျော် တစ်နံတစ်လျားတည်ရှိနေကြောင်း ဘာနာဂျီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် လာမည့်နှစ်များအတွင်း နျူကလီးယား ဓာတ်ပေါင်းဖို အလုံး ၃၀ခန့်အထိ တည်ဆောက်ရန်စီစဉ်ထား သည်။ အိန္ဒိယနိုင်ငံသည် ၂၀၅၀ပြည့်နှစ်ထက်နောက်မကျဘဲ လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ လေးပုံတစ်ပုံကို နျူကလီးယား စက်ရုံများမှ ထုတ်ယူရန် မျှော်မှန်းသည်။ **အင်တာနက်။**



နွေရာသီ၏အပူဒဏ်ကို သက်သောင့်သက်သာ ကျော်ဖြတ်နိုင်ရေးအတွက် ကူချိုဖူကူကုမ္ပဏီထုတ် လေအေးစက်တပ် ဂျာကင်အင်္ကျီများအား ဝတ်ဆင်ထားသည့် ဂျပန်နိုင်ငံသားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အပူဒဏ်ခံနေရသော ဂျပန်နိုင်ငံ၌ လေအေးစက်တပ်အင်္ကျီများ ရောင်းမလောက်ဖြစ်

တိုကျို ဇူလိုင် ၁၉

ငလျင်နှင့် ဆူနာမီကပ်ဘေးများ မတ်လ ၁၁ ရက်က ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ဂျပန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အား ပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ရာ ကူချိုဖူကူအမည်ရှိ ကုမ္ပဏီတစ်ခုက ထုတ်လုပ်သော လေအေးစက်တပ် ဂျာကင်အင်္ကျီများမှာ ရောင်းမလောက်ဖြစ်နေရကြောင်း ဇူလိုင် ၁၉ ရက် သတင်းများ တွင် ဖော်ပြသည်။

လျှပ်စစ်ဓာတ်အား သုံးစွဲမှုကန့်သတ်ထား၍ လေအေးပေး စက်များ သုံးစွဲရာတွင် အခက်အခဲရှိနေရာ ဂျပန်နိုင်ငံ တစ်နံ တစ်လျား၌ ပူပြင်းသော နွေရာသီဒဏ်နှင့် ကြုံတွေ့နေရသည်။

သို့ဖြစ်ရာ နွေရာသီ၏ အပူဒဏ်ကို သက်သောင့်သက်သာ ကျော်ဖြတ်ရေးအတွက် လေအေးစက်တပ် ဂျာကင်အင်္ကျီများ ဂျပန်နိုင်ငံသားများက တိုး၍မှာယူလျက်ရှိရာ ဈေးကွက် လိုအပ်ချက်အား အလျဉ်မီအောင် ဖြည့်ဆည်းပေးရေးအတွက် ကူချိုဖူကူကုမ္ပဏီမှာ အတော်လေးရုန်းကန်နေရသည်ဟုဆိုသည်။

ကူချိုဖူကူဂျာကင်အင်္ကျီများ၌ လေကို အရှိန်နှုန်း အမျိုးမျိုးဖြင့် ထုတ်ပေးနိုင်သော လျှပ်စစ်ပန်ကာနှစ်လုံးကို တပ်ဆင်ထားရာ ဖက်ရှင်မကျလှသော်လည်း အပူဒဏ်မှ သက်သာရေးအတွက် ဂျပန်နိုင်ငံသားများက လိုလိုလားလားပင် ဝတ်ဆင်နေကြသည်။

လေအေးစက်တပ် ဂျာကင်အင်္ကျီများ၌ တပ်ဆင်ထားသော ပန်ကာများကို အားတစ်ကြိမ်သွင်းလျှင် ၁၁ နာရီမျှ အသုံးခံသည့် လစ်သီယမ်အိုင်ယွန်ဘက်ထရီတစ်လုံးနှင့် ချိတ်ဆက်၍ ဓာတ်အားပေးထားသည်။

ပန်ကာနှစ်လုံးမှ ထွက်ပေါ်လာသော လေများသည် အင်္ကျီအတွင်းလှည့်ပတ်ကာ ကော်လံနေရာမှ လည်းကောင်း၊ လက်အနားခေါက်များမှလည်းကောင်း ပြင်ပသို့ ထွက်သွားမည် ဖြစ်ပြီး ချွေးများကိုခြောက်သွေ့စေကာ ဝတ်ဆင်ထားသူအား အေးမြစေလိမ့်မည်ဖြစ်သည်။

အင်တာနက်။

ပါလက်စတိုင်းလိုလားသူများ၏သင်္ဘော အစ္စရေးရေတပ်သိမ်းပိုက်

ဂျေရုဆလင် ဇူလိုင် ၁၉

ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားသည့် အစ္စရေး ရေတပ် အတားအဆီးများအား ချိုးဖျက်ရန် ကြိုးစားလာသော ပြင်သစ်သင်္ဘောတစ်စင်းအား အစ္စရေးရေတပ်အထူးတပ်ဖွဲ့ဝင် များက အင်္ဂါနေ့တွင် သိမ်းပိုက်ထိန်းချုပ်ခဲ့သည်။

ပြင်သစ်သင်္ဘောကို နိုင်ငံတကာရေပြင်အတွင်း အစ္စရေး ရေတပ်က သိမ်းပိုက်ထိန်းချုပ်ခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်အတွင်း၌ သင်္ဘောပေါ်တွင် လိုက်ပါလာသော ပါလက်စတိုင်းအရေး လှုပ်ရှားသူများက ခုခံမှုတစ်စုံတစ်ရာ မလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သင်္ဘောလမ်းကြောင်း ပြောင်းလဲခုတ်မောင်းရန် အစ္စရေး ရေတပ်၏ တောင်းဆိုမှုကို သင်္ဘောပေါ်ပါ ပါလက်စတိုင်း လိုလားသူများက လျစ်လျူရှုခဲ့ပြီးနောက် ယင်းသင်္ဘောပေါ်သို့ အထူးတပ်ဖွဲ့ဝင်များ တက်ရောက်ထိန်းချုပ်ခဲ့ခြင်း ဖြစ်သည်။

အယ်လ်ကာရာမာ(ဂုဏ်သိက္ခာ)အမည်ရှိ အဆိုပါသင်္ဘော ကို အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အက်ရှ်ဒေါ့ဆိပ်ကမ်းသို့ မောင်းယူ သွားမည်ဖြစ်ပြီး သင်္ဘောပေါ်ပါ နိုင်ငံတကာမှ ပါလက်စတိုင်း လိုလားသူများအနေဖြင့် ပြည်နှင်ဒဏ်နှင့် ကြုံရဖွယ်ရှိသည်။

ဂါဇာဒေသပိတ်ဆို့မှုအား ချိုးဖျက်မည့် မည်သည့်ကြိုးပမ်းမှု ကိုမဆို တားဆီးသွားမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့ပြီးဖြစ်သည်။ ဟားမားစ်လက်နက်ကိုင်အုပ်စု အုပ်ချုပ်သော ဂါဇာဒေသကို လက်နက်များ မှောင်ခိုမသွင်းနိုင်ရန် ရေတပ်ပိတ်ဆို့မှုလုပ်ဆောင်ရခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက် က အကြောင်းပြချက်ပေးထားသည်။

လွန်ခဲ့သောနှစ်က ဂါဇာဒေသသို့ သွားရောက်ရန် ကြိုးပမ်း သော တူရကီထောက်ပံ့ရေးသင်္ဘောတစ်စင်းအား အစ္စရေး အထူးတပ်ဖွဲ့ဝင်များ တက်ရောက်စီးနင်းစဉ် သင်္ဘောပေါ်လိုက်ပါ လာသူများနှင့် ပဋိပက္ခဖြစ်ပွားခဲ့ရာ တူရကီနိုင်ငံသား ကိုးဦး သေဆုံးခဲ့ရသည်။

ယင်းဖြစ်ရပ်ကို အကြောင်းပြု၍ အစ္စရေးနိုင်ငံသည် နိုင်ငံ တကာ၏ ဖိအားပေးမှုကို ခံခဲ့ရပြီး ကုန်းတွင်းဒေသပိတ်ဆို့မှုကို ရပ်ဆိုင်းပေးခဲ့ရသည်။ သို့ရာတွင် ရေတပ်ပိတ်ဆို့မှုအား ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

အင်တာနက်။

ကျူးဘား၌ တောမီးလောင်မှု စံချိန်တင်

ဟာဗားနား ဇူလိုင် ၁၉

ကျူးဘားနိုင်ငံ၌ မိုးခေါင်မှုကာလဖြစ်သော ဇန်နဝါရီလမှ မေလအတွင်း တောမီး လောင်ကျွမ်းမှု ၆၉၅ ကြိမ်အထိ စံချိန်တင်ဖြစ်ပေါ်ခဲ့ကြောင်း သစ်တောဌာန၏ အစီရင်ခံစာတွင်ဖော်ပြသည်။

ယခုနှစ်တွင် မိုးခေါင်မှုနှင့်အတူ တောမီးလောင်ကျွမ်းမှုများ စံချိန်တင်ဖြစ်ပေါ်ခဲ့ ကြောင်း၊ တောမီးလောင်ကျွမ်းမှု၏ ၉၀ ရာခိုင်နှုန်းကျော်မှာ လူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်ရကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှု၏ ၅၅ ရာခိုင်နှုန်းခန့်မှာ ကျူးဘားနိုင်ငံအနောက်ပိုင်း ပီနာဒယ်လ်ရီယိုဒေသနှင့် နိုင်ငံအရှေ့ပိုင်း ကမ်မာဂွေးပြည်နယ်နှင့် ဟော်ကွင်းဒေသ တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တောမီးလောင်ကျွမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

သီရိလင်္ကာသစ်တောများအတွင်းရှိ တောဆင်ရိုင်းများအား စစ်တမ်းကောက်မည်

ကိုလံဘို ဇူလိုင် ၁၉

သီရိလင်္ကာနိုင်ငံရှိ သစ်တောများအတွင်း တောဆင်ရိုင်းကောင်ရေ မည်မျှနေထိုင်ကျက်စားသည်ကို သိရှိနိုင်ရန် ပထမဆုံးအကြိမ် စစ်တမ်း ကောက်ယူမည်ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနအကြီးအကဲက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

ဩဂုတ် ၁၃ရက်မှစ၍ နှစ်ရက်ကြာစစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနအကြီးအကဲ ချန်ဒရာဝန်ဆာပါသီရာဂျာက ပြောကြားသည်။

ရေသောက်ဆင်းရန် လာရောက်သည့် ဆင်ရိုင်းများကို အခြေခံကာ ဆင်ကောင်ရေစစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာသစ်တောများအတွင်း အနည်းဆုံးရှိနိုင်သော ဆင်ကောင်ရေ၊ ဆင်ကောင်ရေ ပျံ့နှံ့တည်ရှိမှု၊ ဆင်အုပ်များ အုပ်စုဖွဲ့သွားလာနေထိုင်မှုစသည့် သတင်းအချက်အလက်များကိုရရှိရန် စစ်တမ်းကောက်ယူမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ဆင်ကောင်ရေစစ်တမ်းကောက်ယူခြင်းဖြင့် ဆင်မျိုး ထိန်းသိမ်းရေးဆိုင်ရာဥပဒေသစ်ထုတ်ပြန်ရန် လိုအပ်ခြင်းရှိမရှိ အစိုးရအဖွဲ့က သိရှိနိုင်မည်ဖြစ်ကြောင်း ချန်ဒရာဝန်ဆာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ဆင်မျိုးထိန်းသိမ်းရေးစီမံကိန်းများ ချမှတ်ဆောင်ရွက် ရန်နှင့် မူဝါဒသစ်ကို ရေးဆွဲအကောင်အထည်ဖော်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ဆင်သတ္တဝါကို အထွတ်အမြတ်ထားရှိသည်။ ဘာသာရေး အခမ်းအနားများတွင် ဆင်များဖြင့် လှည့်လည်လေ့ရှိသည်။ **အင်တာနက်။**

သီရိလင်္ကာနိုင်ငံရှိ သစ်တောဒေသများအတွင်း ဘာသာဘာဝ နေထိုင်ကျက်စားသော တောဆင်ရိုင်းတစ်အုပ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းဖြင့် တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးမှု လျော့ကျလာမည်ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှု လျော့ကျအောင် လုပ်ဆောင်ခြင်းဖြင့် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်တို့မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ တောင်သူလယ်သမားများ၊ ဒေသခံများ၏ နောက်ဆုံးအခြေအနေ အင်အားစာရင်းများကို မှန်ကန်စွာပြုစုရန်၊ ရရှိရန်လိုအပ်ကြောင်း၊ ရရှိသည့်စာရင်း အပေါ်မူတည်လျက် ဆင်းရဲနွမ်းပါးသူများ နေ့စဉ် လုံလောက်သော အာဟာရ စားသုံးနိုင်ရေး၊ လုံခြုံစိတ်ချရသော သင့်လျော်သည့်နေအိမ်ဖြင့် နေထိုင်နိုင်ရေး၊ မကျန်းမာသည့်အချိန်များတွင် မှန်ကန်စွာ ဆေးကုသမှုခံယူနိုင်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ မူလတန်းပညာ အခမဲ့သင်ကြားခွင့်အရ အနည်းဆုံး မူလတန်းပညာ အပြည့်အဝ သင်ယူနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ငွေကြေးအထောက်အပံ့များရရှိရေး၊ ရရှိသည့် ငွေကြေးအထောက်အပံ့များကို ပုဂ္ဂလိက ငွေစုငွေချေးအသင်းများ ဖွဲ့စည်းလျက် စနစ်တကျစုဆောင်းခြင်း၊ သုံးစွဲခြင်း ပြုလုပ်ရေးတို့အတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာတို့မှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်၊ ကျေးရွာများ၌ ဥပဒေအရ တားမြစ်ထားသည့် အရက်ပုန်းဆိုင်များ၊ ဖဲဝိုင်းများ၊ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးစသည့် ချဲထီအပါအဝင် လောင်းကစားမှုများကို ထိထိရောက်ရောက် တားဆီးသွားရမည်ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရသည့် ဝန်ထမ်းများက အလေးထား ပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး အစီအမံများ မော်လမြိုင်မြို့၌ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းမှာကြား

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်းသည့် တွေ့ဆုံပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် အချို့ကိစ္စများ၌ မဖြစ်မနေ စိစစ်ရသည်များရှိသဖြင့် ပြည်သူများက နားလည်ပေးကြရန်လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပြည်သူများ သိရှိနားလည်သဘောပေါက်ပြီး ချို့ယွင်းချက်၊ အားနည်းချက်များရှိပါက အကြံကောင်း၊ ဉာဏ်ကောင်းများပေးကာ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာရောက်သည့် လုပ်ငန်းဖြစ်၍ ဌာနဆိုင်ရာများ၊ ပြည်သူများက တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မွန်ပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ် ဦးစီးဌာနမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မွန်ပြည်နယ်နှင့် မော်လမြိုင်ခရိုင် ဦးစီးဌာနမှူးရုံး အဆောက်အအုံနှင့် ရုံးခန်းများ၊ ဝန်ထမ်းသက်သာစိုက်ခင်းနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်မြို့နယ် ဦးစီးဌာနမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများအား လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကာ ပြည်သူ့ဆန္ဒအား အလေးထား၍ မိမိဌာနအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးကြရေး မှာကြားခဲ့သည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

BCA စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်

ရန်ကုန် ဇူလိုင် ၁၉

စင်ကာပူအမျိုးသားဖွံ့ဖြိုးမှုဝန်ကြီးဌာန လက်အောက်တွင်ရှိသော စင်ကာပူအစိုးရ နည်းပညာကျောင်းတစ်ကျောင်းသို့ တက်ရောက်လိုသော မြန်မာကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်း အောင်မြင်ထားရန်သာ လိုအပ်ကြောင်း၊ IELTS/TOEFL အမှတ်များရရှိထားရန် မလိုအပ်ကြောင်း၊ သို့သော် ဘွဲ့ရပြီးသူများ၊ GCE 'O' level အောင်မြင်ပြီးသူများလည်း ဝင်ရောက်ဖြေဆိုနိုင်ကြောင်း၊ BCA Academy တွင် Diploma in Design ဘာသာရပ်ကို တက်ရောက်သင်ယူလိုသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် BCA ဝင်ခွင့်စာမေးပွဲတွင် English နှင့် Drawing ဖြေဆိုရမည်ဖြစ်ကြောင်း၊ အခြားဘာသာရပ်များကို တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် English နှင့် Maths နှစ်ဘာသာဖြေဆိုရမည်ဖြစ်ကြောင်း၊ BCA Academy တွင် ပညာသင်ကြားရမည့် ပညာသင်ကာလမှာ သုံးနှစ်ကြာမြင့်မည်ဖြစ်ကြောင်း၊ နောက်ဆုံးပညာသင်နှစ်တွင် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်မှုအတွေ့အကြုံများရရှိခြင်း၊ လစာများရရှိခြင်းစသည့် အကျိုးခံစားခွင့် ရရှိသွားမည်ဖြစ်ကြောင်း သင်တန်းတာဝန်ရှိသူထံမှ သိရသည်။ စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဩဂုတ် ၂၈ ရက်တွင် Care Forever မှ ကြီးမှူးကျင်းပမည့် BCA စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုနိုင်ပြီး သိလိုသောအကြောင်းအရာများကို စုံစမ်းမေးမြန်းလိုပါက Care Forever Services Co.,Ltd. အမှတ်(၁၇၇၊၁၇၉)၊ ရ-ဘီ (၃၄) လမ်း (အပေါ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁ ၁၃၀၉၂၊ ၀၉-၅၁၆၆၂၄၀၊၀၁-၅၆၉၈၀၈၊ Lobby Shop (II) Mandalay Swan Hotel အမှတ်(၄၄-ဘီ) (၂၆)လမ်းနှင့် (၆၈)လမ်းထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၈၆၂၅၄၄၃၊ ၀၉-၄၉၂၂၄၈၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘာ့အမှတ်တရနေ့ စာစီစာကုံးများစာအုပ် ထွက်ရှိ

စာရေးသူက ကမ္ဘာ့အမှတ်တရနေ့ပေါင်း ၂၀ ၏ အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများ အထိမ်းအမှတ်နေ့ စာစီစာကုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် ရေးသားနိုင်ရန် ရည်ရွယ်၍ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် သာမက ဗဟုသုတရှာမှီးသူတိုင်းအတွက် အလွယ်တကူ စုစုစည်းစည်း လေ့လာရရှိနိုင်သော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် (၉)လမ်း ခြံအမှတ် (၃၉၀/၃၉၂) မြသီတာစာပေတိုက် ဖုန်း-၀၁-၅၄၁၂၆၇ ၌ ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူနိုင်သည်။

မြတ်နိုးချစ်ခင် မအူပင်နှင့် အမှတ်တရစာစုများ

ဒေါက်တာမျိုးသန့်တင် ရေးသားသည့် မြတ်နိုးချစ်ခင် မအူပင်နှင့် အမှတ်တရစာစုများ ခတ္တိယစာပေမှ ထွက်ရှိလာသည်။ အဆိုပါစာအုပ်ကို စာရေးသူ၏ ဘူမိနက်သန် နေရာမှန်အဖြစ်လည်းကောင်း၊ နေထိုင်ကြီးပြင်းရာ ဘဝအဖြစ်လည်းကောင်း ရေးသားထားပြီး အဆင့်မြင့်ပညာသင်ယူရာ၌ မအူပင်နှင့်အလှမ်းဝေးခဲ့၍ မအူပင်နှင့်ဆက်စပ်သည့် စာရေးသူ၏ဘဝအကြောင်းများကို စာတိုပေစ အလွမ်းပြေရေးသားထားသည်။ စာအုပ်တွင် မြတ်နိုးချစ်ခင်မအူပင်၊ နွားလေးလားမြင်းလေးလား၊ ဇော်ဂျီပုံ၊ မအူပင် ခြင်ပေါ သည်၊ ရန်ကင်းစိတ်ဓာတ် ရောင်ပြန်ဟပ်၊ ကျောင်းဖွင့်ချိန်၊ သချ်ာဗီဇနှီးဆွမိလျှင်၊ ဆယ်ကျော်သက်အရွယ် လေလွင့်ခြင်း စသည့်စာစုများ ပါဝင်သည်။ ခတ္တိယစာပေတိုက်(၃) အခန်း(၂၁) ပန်းလှိုင်အိမ်ရာ ပန်းလှိုင်လမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

စလင်းမြို့နယ်အသင်း စုပေါင်း လှူဒါန်းမည်

စလင်း ဇူလိုင် ၁၉

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ဒဂုံ မြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ဆောက်လုပ်ရေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော စလင်းမြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက် လှူဒါန်းပူဇော်ကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဦးဌေးကြွယ် ဖုန်း-၅၁၀၃၁၇၊ ဦးကျော်နိုင် ဖုန်း-၀၉-၇၃၁၀၅၀၂၀၊ ဦးဝင်းလှိုင် ဖုန်း-၆၄၅၇၃၃၊ ဗိုလ်မှူးသန်းအေး(ငြိမ်း) ဖုန်း-၀၉-၅၀၇၉၄၇၁၊ ဗိုလ်မှူးမြင့်ဆွေ(ငြိမ်း)ဖုန်း-၀၉-၅၁၃၅၇၁၄၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁၁၇၂၉၉ နှင့် ဦးအောင်လတ် ဖုန်း-၀၉-၇၃၀၃၆၃၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ကျောက်လမ်းပြုပြင်

မတ္တရာ ဇူလိုင် ၁၉

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မတ္တရာ-မုံရွေး-ကပိုင်လမ်း ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြသည်။(မြို့နယ်စည်ပင်)

ကြိုတင်ကာကွယ် မြွေအန္တရာယ်

ရှင်ဇာနန်
(မဟာသိပ္ပံ-သတ္တဗေဒ)

မြွေများသည် အံ့ဖွယ် တွားသွားသတ္တဝါများဖြစ်၏။ သိပ္ပံပညာရှင်များ၏ အဆိုအရ ဆင့်ကဲဖြစ်စဉ်တွင် ကြက်များ၊ ငှက်များသည်ပင် တွားသွားသတ္တဝါ မြွေများကဲ့သို့သောမျိုးရင်းမှ ဆင်းသက်လာသည်ဟု ယူဆကြလေသည်။ ကြက်များ၏ ခြေထောက်မှ အကြေးခွံများသည်လည်းကောင်း၊ ကြက်များ၏ လျှာများသည်လည်းကောင်း တွားသွားသတ္တဝါများမှ ဆင်းသက်လာသည့် လက္ခဏာသက်သေများဖြစ်သည်ဟု ပညာရှင်များက ယူဆကြလေသည်။

မည်သို့ပင်ဆိုစေ မြွေများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ များစွာရှိ၏။ အိန္ဒိယနိုင်ငံဒေသအချို့တွင် မြွေဟောက်များကို နတ်သမီး၊ နတ်ဘုရားများ ဝင်စားသည်ဟု ယုံကြည်ကာ ပူဇော်ပသမှုများပင်ရှိ၏။ မြွေကိုက်လျှင် ဆေးရုံ၊ ဆေးခန်းသို့ မသွားကြဘဲ ပူဇော်ပသမှုများကြောင့် အသက်ဆုံးရှုံးရသည်ဟု ဒေသခံဆရာဝန်ကြီး တစ်ဦးကဆို၏။ ၎င်းကပင် မြွေနှင့်ပတ်သက်၍ အယူသီးမှုကြောင့် ကျန်းမာရေး အသိပညာပေးရန် အခက်အခဲများစွာ ကြုံတွေ့ရသည်ဟုဆိုသည်။

မြွေနှင့်ပတ်သက်၍ မြွေအလမ္ပာယ်ဆရာများက ပလွေမှုတ်၍ စေလိုရာ စေခိုင်းတတ်ကြလေသည်။ အမှန်၌ မြွေများသည် နားမရှိဟုဆို၏။ သို့သော် တုန်ခါမှုများကို ကောင်းစွာခံစားသိရှိနိုင်သည်ဆို၏။ ၎င်းတို့၏ အစာရေမျို ဖွဲ့စည်းပုံမှာလည်း အခြားသက်ရှိများနှင့်မတူဘဲ ပါးစပ်ကို လိုသလောက်ဟ၍ မိမိထက် အဆများစွာ ကြီးမားသော သားကောင်များကို မျိုချနိုင်ခြင်းဖြစ်လေသည်။ အစာချေရည်မှာလည်း မျိုချသောသားကောင်ကို ကြေညက်စေနိုင်သောအာနိသင်ရှိ၏။ ထို့ကြောင့် သားကောင်တစ်ကောင် မျိုချပြီးနောက် ရက်ပေါင်းများစွာ အစာမစားဘဲ နေနိုင်သည်ဟုဆိုသည်။

မြွေများသည် ရန်မူတတ်သောသတ္တဝါမျိုး မဟုတ်ပေ။ သူ့သဘာဝအလျောက် တစ်နေရာရာ၌ခွေ၍ ငြိမ်ဆိတ်စွာရှိနေတတ်သည်။ အနီးအနားသို့ ကပ်လာသော သားကောင်များအား ရုတ်တရက်ပေါက်၍ ဖမ်းစားတတ်သည်။ သားကောင်ကို ရစ်ပတ်၍ ညှစ်သတ်ပြီးမှ မျိုချတတ်သည်။ မြွေများ၏အစာများမှာ အဓိကအားဖြင့် ကြွက်များ၊ ဖားများ၊ ငှက်များဖြစ်ပြီး အချို့မြွေများက လူသားများကိုပင် ပေါက်သတ်ကာ မျိုချနိုင်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံသည် မြွေပေါသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြွေကိုက်ခံရမှုနှင့် မြွေကိုက်၍ သေဆုံးမှုနှုန်း အများဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင် ဖြစ်နေလေသည်။ ၁၉၉၃ ခုနှစ် မြွေကိုက်မှုအကြိမ် ၁၄၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၀၀ ကျော်ခန့် သေဆုံးခဲ့ကြောင်း တွေ့ရလေသည်။ အမှန်၌ ဤကိန်းဂဏန်းသည် ဆေးရုံသို့ရောက်လာသော စာရင်းဇယားဖြစ်ပြီး ပြင်ပ၌ မြွေကိုက်ခံရသော လူနာများမပါရှိပေ။ မြန်မာနိုင်ငံ အမျိုးသား ကျန်းမာရေးစီမံကိန်း ၂၀၁၁ ခုနှစ်အရ အရေးကြီးသောရောဂါများ၏ ဦးစားပေး စာရင်း၌ ရောဂါမျိုးပေါင်း ၄၂ ခုအနက် မြွေကိုက်ရောဂါမှာ ၁၁ နေရာ၌ ရှိနေလေသည်။ ဤသို့ မြွေဆိုးကိုက်၍ သေဆုံးရမှုတွင် အဆိပ်ပြင်းသောမြွေများကြောင့် အဓိကဖြစ်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ အဓိကတွေ့ရသော အဆိပ်ရှိမြွေများမှာ မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကျား၊ ငန်းမြွေ၊ သံကွင်းစွပ်၊ ဂျတ်မြွေ၊ မြွေစိမ်းမြီးခြောက် စသည်တို့ဖြစ်သည်ဟု ဆိုသည်။ ဤမြွေများသည် တွင်းများ၊ သစ်ခေါင်းများ၊ သစ်ရွက်ပုံ၊ ချုံပုတ်၊ ကောက်လှိုင်းပုံ၊ ဝါးပုံ၊ သစ်ပင်များအပေါ် စသည်တို့၌ ခိုအောင်းနေထိုင်တတ်ကြသည်။ အစာစားရန်၊ မိတ်လိုက်ရန် အပြင်ထွက်လေ့ရှိပြီး ရေလည်း ကျွမ်းကျင်စွာကူးတတ်သည်။ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် မိတ်လိုက်လေ့ရှိသည်။ အမှန်၌ လူကိုကြောက်ရွံ့တတ်သည့် သဘောရှိ၏။ လူတို့က တက်နင်းမိ၊ ကိုင်တွယ်မိမည့် အခြေအနေမျိုးကြောင့် တုံ့ပြန်ကိုက်ပေါက်ခြင်းသာဖြစ်သည်။ ထူးခြားချက်မှာ မြွေပွေးများဆိုလျှင် အကောင်ကြီးများထက် အကောင်ငယ်များက အဆိပ်ပို၍ပြင်းသည့်အပြင် ပို၍ရန်မူတတ်သည်ဟု ဆိုသည်။

မြွေများသည် တွားသွားသတ္တဝါများဖြစ်၍ ကိုက်ပေါက်သည့်အခါ လူတို့၏ လက်များနှင့် ခြေထောက်များကိုသာ အဓိကလက်လှမ်းမီ၍ ကိုက်ပေါက်လေ့ရှိသည်။ ထို့ကြောင့် မြွေကိုက်ခံရသော နေရာသည် ခြေဖဝါး၊ လက်ဖဝါး၊ ခြေသလုံး၊ လက်မောင်းများ၌ အဓိကတွေ့ရလေသည်။ အစွယ်ရာနှစ်ခု တွေ့ရတတ်ပြီး သွေးအနည်းငယ်သာစို့၍ ရှိနေတတ်သည်။ မြွေများသည် အစာရှာရင်း လူတို့၏ အိမ်ထဲသို့ပင် ဝင်လာတတ်သည်။ အိမ်ထဲရှိ ချောင်ကြို၊ ချောင်ကြားထဲ၌ ဝင်ခိုနေတတ်သည်။ အိုးထဲဝင်၍ ခွေတတ်သည်။ ထို့ကြောင့် မြွေပေါသောအရပ်၌နေထိုင်လျှင် အိမ်ထဲသို့ မြွေမဝင်နိုင်အောင် အဟန့်အတား၊ အကာအကွယ်များ ပြုလုပ်ထားရန် လိုလေသည်။ အိုးထဲသို့ မကြည့်မရှုဘဲ လက်ဖြင့်မနှိုက်ရ။ မြွေဝင်နိုင်သည့်အပေါက်များကို အုတ်ခဲများဖြင့် ပိတ်ဆို့ထားရမည်။

မြွေကိုက်မှုဖြစ်ပွားရာနေရာများတွင် လယ်ယာတောများသည်လည်း အဓိက နေရာများဖြစ်၏။ ထို့ကြောင့် ကောက်ရိတ်ကာလ၌ မြွေအန္တရာယ်ကာကွယ်ရန် စပါးမရိတ်မီ တုတ်များဖြင့် မြွေများခြောက်လှန့်၍ မောင်းထုတ်ရန်လိုသည်။ လယ်ယာတောထဲသွားသည့်အခါ လည်တံရှည်ဘွတ်ဖိနပ်များ စီးရန်လိုသည်။ ကောက်ရိတ်သောအခါ ရော်ဘာလက်အိတ်ရှည်များ၊ ခြေအိတ်ရှည်များစွပ်၍ အကာအကွယ် ပြုလုပ်ထားရမည်ဖြစ်သည်။

မြွေအန္တရာယ်ကာကွယ်ရန်အတွက် တစ်ဦးချင်းစီက ကာကွယ်ရန် ပြင်ဆင်မှုများ လိုအပ်သလို စုပေါင်း၍ ကာကွယ်မှုပြုလုပ်ကြရန်လည်း လွန်စွာ အရေးကြီးသည်။ မြွေကိုက်လူနာရှိလာလျှင် အမြန်ဆုံး ဆေးရုံအရောက် ပို့ဆောင်ရေး၊ မြွေကိုက်လူနာအား ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ် ပြုစုပေးရေးနှင့် မြွေအဆိပ်ဖြေဆေးများ အလုံအလောက်ထားရှိရေးတို့ကို လုပ်ဆောင်ထားကြရန်ဖြစ်လေသည်။ ဆင်းရဲချမ်းသာမရွေး မြွေကိုက်ခံရပါက အသက်မသေစေရ။ ကယ်တင်နိုင်ရန် မိမိတို့အရပ်ဒေသ၌ ပြင်ဆင်ထားပြီး ဖြစ်စေကြရမည်ဖြစ်ပါသည်။

ကျေးရွာများအနေဖြင့် ထော်လာဂျီ၊ နွားလှည်း၊ မြင်းလှည်း၊ ဆိုင်ကယ်၊ စက်ဘီးများ အချိန်မရွေး အသုံးပြုနိုင်အောင် အမြဲအသင့်ထားရှိရမည်။ တာဝန်ချထားမှုမျိုး၊ အသိပေးမှုမျိုး ပြုလုပ်ထားရမည်။ အရေးပေါ်ချက်ချင်း သယ်ပို့ရေးယာဉ်များ ရှိနေစေရမည်။ ၎င်းနောက် ရှေးဦးသူနာပြုစုနည်းကို လူတိုင်းတတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးထားရမည်။ မြွေကိုက်ရာ နေရာကို ရေဖြင့်ဆေးကြောခြင်း ပြုလုပ်ပြီး အနှီးပိတ်စ အုပ်ထားရမည်။ နည်းနည်းသာ ဖိသိပ်ပြီး ကြိုးဖြင့် ချည်ထားရမည်။ မြွေဆိပ်များ ခန္ဓာကိုယ်ပြန်ရည်ကြောများမှတစ်ဆင့် မပျံ့စေရန်ဖြစ်သည်။ အကိုက်ခံရသော ခြေ(သို့မဟုတ်) လက်ကို ဆန့်တန်း၍ မလှုပ်ရှားဘဲငြိမ်နေစေရန် အမာခံ ဝါးခြမ်းပြားဖြစ်စေ၊ သစ်သားတုတ်ချောင်း အမာတစ်ခုခုနှင့်ဖြစ်စေ ချည်နှောင်ရပါမည်။ ပြီးလျှင် ရရာယာဉ်ဖြင့် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ပို့ဆောင်ရပါမည်။ ဆေးရုံရောက်လျှင် ဒဏ်ရာအထက်ဘက်တွင် နောက်ထပ်ပတ်တီးတစ်ခု စည်းနှောင်ပါ။ ပြီးမှ ဒဏ်ရာပေါ်ရှိ ပတ်တီးကိုဖြေရမည်ဖြစ်ပါသည်။ သို့သော် ဆေးရုံ၌ မြွေဆိပ်ဖြေဆေးရှိသည်ဟု သိရမှဖြေရန် ဖြစ်ပါသည်။ မြွေဆိပ်ဖြေဆေး အတိအကျသိနိုင်ရန် မိမိကိုကိုက်သည့် မြွေအမျိုးအစားကို ပြောပြနိုင်ရမည် ဖြစ်ပါသည်။ မိမိကို ကိုက်သည့် မြွေအား တစ်ပါတည်းယူလာနိုင်ပါက ယူလာ၍ ပြသရမည်ဖြစ်သည်။

ဤနည်းဖြင့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။ လမ်းခရီး၌ လူနာအသက်ရှူမရဖြစ်ပါက အသက်ရှူထောက်ကူပေးနည်းဖြင့် အသက်ရှူနိုင်အောင် ပြုလုပ်ပေးရမည်။ တစ်ဆက်တည်းမှာပင် မြွေကိုက်လျှင် ဒဏ်ရာကို မီးစဖြင့် တို့ထိုးခြင်း၊ ဓားဖြင့်ခွဲခြင်း၊ ပွတ်ခြင်း၊ နှိပ်ခြင်း၊ ဆေးလိမ်းခြင်း မပြုရ။ မြွေကိုက်လူနာအား အရက်မတိုက်ရ၊ အဆိပ်ကြောင့် ကယောင်ကတမ်း ဖြစ်သည်ကို အပမှီသည်ဟု ယူဆခြင်းမျိုးရှိတတ်သည်။ လွဲမှားသောအယူသီးမှုမျိုးကို ရှောင်ရပေမည်။ မြွေဆိပ်များသည် ပြန်ရည်ကြောမှတစ်ဆင့် ခန္ဓာကိုယ်သို့ပျံ့နှံ့သွားရခြင်းဖြစ်ရာ လူနာငြိမ်သက်စွာရှိနေရန်နှင့် မလိုအပ်သော အပြုအမူများ မပြုမူမိစေရန် အထူးသတိပြုရပါမည်။

ထို့ကြောင့် မြွေအန္တရာယ်သည် စုပေါင်းကာကွယ်ရန်လိုသလို တစ်ဦးချင်းအနေဖြင့်လည်း ကာကွယ်ရန်လိုအပ်လှပါကြောင်း ရေးသားလိုက်ရပါသည်။

အဝတ်ခေါက်တင်ခြင်း

- မြွေကိုက်ခံရသည့်နေရာကို ရှိရာသန့်ရှင်းသော အဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ။ အားဖြင့် ဖိ၍ မပွတ်ရ၊ ရေအလွယ်တကူရနိုင်လျှင် ရေနှင့် ဆေးပါ။
- အဝတ်ခေါက်ထူထူ(သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်)ရော်ဘာရေမြှုပ်စ ၃×၃×၁. ၅ လက်မ အရွယ်တစ်ခုကို ဒဏ်ရာပေါ်တွင် တင်ပါ။
- လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်တော်ရာအရွယ်ပြုလုပ်၍ တင်ပါ။

ပတ်တီးစည်းခြင်း

- အဝတ်ခေါက်၏အပေါ်တွင် ပတ်တီးကဲ့သို့ အဝတ်စ(သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံ တင်းရုံ(ခြေဆစ်လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ) စည်းပါ။



ငြိမ်သက်စေခြင်း

- ခြေထောက်ကို ပတ်တီးစည်းပြီးလျှင် မလှုပ်ရှားအောင် ကျပ်စည်းရမည်။
- ရှည်လျားသော ဝါးခြမ်း(သို့မဟုတ်) သစ်သားချောင်းဖြင့် မြွေကိုက်ခံရသော ခြေ၊ လက် တစ်ချောင်းလုံးကို ကပ်၍ ကျပ်စည်းပါ။
- ခြေဆစ်၊ လက်ဆစ်၏အထက်နှင့် အောက်တို့တွင် ကြိုး(သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။
- ခြေ၊ လက် တစ်ချောင်းလုံးမီသော တုတ်ချောင်းမရလျှင် ဝါးခြမ်းနှစ်ခု၊သုံးခုကို သင့်လျော်သလို ဆက်၍ သုံးနိုင်သည်။

လမ်းခုလတ်တွင် အသက်ရှူရပ်ပါက အသက်ရှူအထောက်အကူပြုခြင်း

- မြွေဟောက်၊ ဂျတ်မြွေ၊ ငန်းပုပ်၊ ငန်းတော်ကျားနှင့် သံကွင်းစွပ်မြွေများ အကိုက်ခံရပါက အသက်ရှူရပ်၍ သေဆုံးတတ်သည်။
- ထို့ကြောင့် ဆေးရုံ ဆေးခန်းသို့ပို့ဆောင်သော ခရီးတစ်လျှောက်လုံး ရနိုင်သောနည်းဖြင့် အသက်ရှူအားကူပေးလာရမည်။

အမြို့မြို့အနယ်နယ်၌ဖွံ့ဖြိုးဝေစည်

ဇူလိုင် ၂ ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ငါးစိမ်းဈေးရုံအတွင်း သားငါးရောင်းချသည့် ပွဲကျဈေးသည်များနှင့် ဆိုင်ခန်းရှင်များက ရောင်းချသည့် အလေးချိန်ခွင်များ မှန်ကန်မှု ရှိ၊ မရှိကို ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးပတ်လမ်း ကတ္တရာခင်းရန် လမ်းခင်းကျောက်များ ရောက်ရှိနေမှုကို ပေါက် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ အမှတ်(၁)ဈေးအတွင်း စားသုံးကုန်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်၍ ဆိုးဆေး၊ ဓာတုပစ္စည်းများ ကင်းရှင်းစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မေ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဥသျှစ်ပင်ဈေးအတွင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီးအတွင်း ဈေးများသန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ရေမြောင်းများ တူးဖော်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းမန်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအား နည်းပညာပြန့်ပွားရေး စီစဉ်ပေးမည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်လိုသူများ စုဖွဲ့ဆောင်ရွက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့သည် ဇူလိုင် ၁၆ ရက်တွင် ကလောမြို့နယ် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုအသင်းနှင့် ကလောမြို့ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဟဲဟိုး ပန်းမန်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများ အစုအဖွဲ့၏ ပန်းမန်ဇုန်သို့ ရောက်ရှိပြီး အစုအဖွဲ့ တာဝန်ရှိသူများနှင့် ကျေးရွာ ၁၀ ရွာမှ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူတောင်သူလယ်သမားများအား တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နည်းပညာများ ပြန့်ပွားရေးအတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးပွဲများ စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် ပန်းမန်အစုအဖွဲ့၊ အာလူးအစုအဖွဲ့၊ ဂေါ်ဖီအစုအဖွဲ့များအနေဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသူများအား ကျေးရွာအသင်းခွဲ အစုအဖွဲ့များအဖြစ် သမဝါယမဦးစီးဌာန၌ စာရင်းသွင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဖြင့် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် အေးသာယာမြို့ တိလော ကျေးရွာအုပ်စုရှိ ရှမ်းရိုးမ မွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် ဒေသအလိုက်၊ မြို့နယ်များအလိုက်၊ ကျေးရွာများအလိုက် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရာ၌ ဈေးကွက်ဝယ်လိုအားသည် အဓိကကျသည့်အတွက် ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေရေးခရီးစဉ်များ သွားရောက်လေ့လာ၍ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကြပြီး ကြက်မွေးမြူရေးခြံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အေးသာယာစက်မှုဇုန် အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လုပ်ငန်း(၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆွေးနွေးမှာကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်စီမံကိန်းဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားကာ တောင်ကြီးမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသဆိုင်ရာ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း / နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

ဒေးဗစ်ဘက်ခမ်းအိမ်တွင် သီချင်းဆိုမည့် ဂျက်စတင်ဘီဘာ

နာမည်ကျော် ကနေဒါ ပေါ့ပ် အဆိုတော် ဂျက်စတင်ဘီဘာ**(အောက်ပုံ)**က ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ် ဘက်ခမ်း၏ ကလေးများကို သီချင်းသီဆို ဖျော်ဖြေပေးရန် သဘောတူခဲ့ပြီး အပြန် အလှန်အားဖြင့် ဒေးဗစ်ဘက်ခမ်းကလည်း ဂျက်စတင်ဘီဘာကို ဘောလုံးကစား နည်း သင်ကြားပေးရမည့် နည်းပြအဖြစ်

ပြန်လည် ပြုလုပ်ပေးရမည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြ သည်။

ဘောလုံးကစားခြင်းကို နှစ်သက် သဘောကျသည့် ဂျက်စတင်ဘီဘာက ဒေးဗစ်ဘက်ခမ်းထံမှ ဘောလုံးကစား နည်းစနစ်ကို သင်ယူပြီး အပြန်အလှန် အနေဖြင့် ဘီဘာကလည်း ဘက်ခမ်း၏ သားသမီးများဖြစ်သည့် အကြီးဆုံးသား ဘရွတ်ကလင်း (၁၂)နှစ်၊ ရိုမီယို ရှစ်နှစ်၊ ခရုစ်ဇ် ခြောက်နှစ်နှင့် တစ်ပတ်ကျော် အရွယ်သာ ရှိသေးသည့် အငယ်ဆုံး သမီးလေး ဟာပါဆဲဗင်းဘက်ခမ်းတို့ကို သီချင်းသီဆို ဖျော်ဖြေပေးမည်ဖြစ်သည်။ ဂျက်စတင်ဘီဘာက ဤဖျော်ဖြေပွဲသို့ ၎င်း၏ချစ်သူ အမေရိကန်အဆိုတော် ဆီလီနာဂိုမက်ဇ်ပါ သူနှင့်အတူ သီဆို ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားသည်။

ဒေးဗစ်က ဖခင်ကောင်းတစ်ဦးပါ။ ဒေးဗစ်က ကျွန်တော့်ကို ပြောပြရာတွင် သူ့အိမ်မှာဆို သူ့သားများက ကျွန်တော့် သီချင်းခွေများကို အမြဲဖွင့်ကြည့်ကြ ကြောင်း၊ ဒေးဗစ်နှင့် ဗစ်တိုးရီးယားတို့၏ ဘဝသည် ယခုဆိုလျှင် အငယ်ဆုံးသမီး လေး ဟာပါကို မွေးဖွားလိုက်ခြင်းဖြင့် ပြီးပြည့်စုံသည့် ပျော်စရာမိသားစုတစ်စု ဖြစ်လာကြောင်းနှင့် ဆီလီနာက ဟာပါ အတွက် ရည်ရွယ်၍ သီချင်းတစ်ပုဒ် သီဆိုပေးမည်ဖြစ်ကြောင်း ဂျက်စတင် ဘီဘာက ဆက်လက်ပြောကြားသည်။

ဒေးဗစ်နှင့် ဗစ်တိုးရီးယားတို့သည် ၎င်းတို့၏ သားသမီးများအတွက် ဘာ မဆို လုပ်ပေးကြမှာဖြစ်ကြောင်း၊ ယခု အခါ ဒေးဗစ်တို့မိသားစုတွင် သားသုံး ယောက်၊ သမီးတစ်ယောက် ရှိနေပြီဖြစ် ၍ လူအများကၡင်းတို့ သားသမီးထပ်ယူ မည်မဟုတ်ဟု ထင်မြင်နေကြသော်လည်း ဒေးဗစ်နှင့် ဗစ်တိုးရီးယားတို့သည် ကလေးချစ်ကြသူများ ဖြစ်သည့်အတွက် နောက်ထပ် ကလေးယူကြဦးမည်ဖြစ် ကြောင်း ဂျက်စတင်ဘီဘာက ၎င်း၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြား သည်။ ***အင်တာနက်။***

အေဝမ်းစိုး

ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

မန္တလေး ဇူလိုင် ၁၉

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အား ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီတွင် အမှတ်(၂၁) အခြေခံ ပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ မောင်မောင်စီ ‘စည်သူ’ (မြန်မာ) ပညာရေးဖောင်ဒေးရှင်း ပညာ ဒါန အလှူရှင် ဒေါ်စန်းစန်းဦး စိန်ဖြိုး မိသားစုက အမှတ်(၁၂)၊ (၃၇)၊ (၃၈)၊(၄၀) အခြေခံပညာ မူလတန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၈၆ ဦးတို့ အတွက် ငွေကျပ် ၁၈၉၈၄၀၀ တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ များ၊ ကျောင်းဝတ်စုံ၊ ဖိနပ်၊ လွယ်အိတ်၊ ကျောင်းစရိတ်၊ ကျောင်းသုံးစရိတ်တို့နှင့် အမှတ်(၂၁) အခြေခံပညာ အထက်တန်း ကျောင်းအတွက် ငွေပဒေသာပင် ငွေကျပ် တစ်သိန်းနှင့် အမှတ် (၃၇) အခြေခံပညာ မူလတန်းကျောင်းအတွက် ငွေကျပ် နှစ်သိန်းသုံးသောင်းတန်ဖိုးရှိ စတီး ရေတိုင်ကီတစ်လုံးတို့ကို တာဝန်ရှိသူများ ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

(၄၆၉)

တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

ဖျာပုံ ဇူလိုင် ၁၉

ဖျာပုံမြို့ အလင်းရောင်ပညာရေး အကျိုးဆောင်ကုမ္ပဏီ၏ ၂၀၁၁ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ အား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ် ချီးမြှင့်သည့် အခမ်းအနားကို ဖျာပုံမြို့ ရွှေနတ်ကူဘုရားလမ်း အမှတ် (၁၅) ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ထူး တစ် ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးတို့အား တစ်ဦးချင်း ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး **(အောက်ပုံ)** ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ငါးဘာသာ ဂုဏ် ထူးရှင် မပိုင်းနန္ဒာထွန်းနှင့် အလင်းရောင် ပညာရေး အကျိုးဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြကြောင်း သိရသည်။

(၁၆၈)

ပြည်သူ့ထံမှ ပေးစာများ

နောက်ဖေးလမ်းကြား အမှိုက်များ ရှင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် အမှတ်(၉၁) သီရိလမ်းနှင့် သီရိ(၅)လမ်းထောင့်ရှိ တိုက်နောက်ဖေးလမ်းကြားတွင် အမှိုက်များစွန့်ပစ်ထားရာ မြေညီထပ်၌နေသူများ နောက်ဖေးတံခါးများ ဖွင့်မရလောက်အောင် အနံ့များနံခြင်း၊ ခြင်၊ ယင်၊ ကြွက် ပေါများခြင်းကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် ဖယ်ရှား ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်နေသူတစ်ဦး

ဈေးပိတ်ရက် စည်းကမ်းနှင့်မညီ ဝင်ထွက်နေ

စာတည်းခင်ဗျား-

မအူပင်စည်ပင်အောင်ရတနာဈေးသည် ဈေးပိတ်ရက်ကို စည်းကမ်းနှင့်အညီ မပိတ်ဘဲ တံခါးဖွင့်၍ ဝင်၊ ထွက်ခွင့်ပြုကာ ကုန်ပစ္စည်းများ အထုတ်အသွင်းပြုနေ၍ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရပါသဖြင့် တားမြစ်ပေးပါရန် တင်ပြအပ် ပါသည်။

ဈေးသည်ကြီးဆန်နီ

စည်းကမ်းမဲ့ အိမ်သာ ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ကန်လမ်းရှိ အိမ်တစ်အိမ်မှ ရေလောင်း အိမ်သာမဟုတ်သော အိမ်သာသည် စနစ်တကျစွန့်ပစ်ခြင်းမရှိသောကြောင့် ဘေး ပတ်ဝန်းကျင်ရှိ နေအိမ်များမှာ နေ့စဉ်နှင့်အမျှ အနံ့ဆိုးများ ရှူရှိုက်နေရ၍ ကျန်းမာရေး နှင့် မညီညွတ်ပါသဖြင့် အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းမပေါ်တွင် သားငါးများ ရောင်းချ လျက်ရှိရာ ယာဉ်နှင့် လမ်းသွားလမ်းလာများ သွားလာရေး ခက်ခဲလျက်ရှိပါသည်။ ထို့အပြင် သားစိမ်း၊ ငါးစိမ်းများ ရောင်းချသောကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီး ရွယ်အိုနှင့် ကလေးသူငယ်များသည် အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရ၍ ကျန်းမာရေး ထိခိုက်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းသူ

လပြည့်၊ လကွယ် ဥပုသ်နေ့ ဈေးပြန်လည်ဖွင့်လှစ်ပေးပြီးဖြစ်

၂၇-၅-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာတည်းထံ ပေးစာပါ “လပြည့်၊ လကွယ်ဥပုသ်နေ့ ဈေးပြန်လည်ဖွင့်ပေးစေလို” စာတည်းထံ ပေးစာပါ ကိစ္စနှင့်ပတ်သက်၍ ၁-၆-၂၀၁၁ ရက်နေ့ (လကွယ်နေ့)မှစ၍ သီရိခေမာဈေးအား ပြန်လည်ဖွင့်လှစ်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့)

၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအဆင့် ပထမရရှိသော မဟန်နီစိုး (အထက ကျောက်တံတား)အား အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်အတူ ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ဂန့်ဂေါ-ဟားခါးလမ်း မိုင်တိုင် အမှတ်(၆၈/၇)အနီးရှိ ဟားခါးမြို့နယ် ၁/၂၀၀၇ စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေးပြီး ဘုံးဇုံးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း(၈)ရပ်နှင့် စပ်လျဉ်း၍ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးကာ ကျေးရွာရေအားလျှပ်စစ်မီးရရှိရေးအတွက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ညနေပိုင်းတွင် မိုင်တိုင်အမှတ် (၁၂/၃)ရှိ နွားနောက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ရုန်းတောင်ရေဝေရေလဲစိုက်ခင်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဆွေးနွေးပွဲ (၁/၂၀၁၁)သို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ တက်ရောက်ပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုရိပ်သာ၌ ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ၂၂ ကျောင်းသို့ အဝေးကျေးရွာများမှ အလယ်တန်းအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများတည်းခိုပြီး ပညာဆက်လက်သင်ကြားနိုင်ရန် လိုအပ်သည့် တစ်ကျောင်းလျှင် ၃၀ စီဆံ့ အိပ်ဆောင်နှစ်ဆောင်နှုန်းဖြင့် ၄၄ ဆောင် ဆောက်လုပ် လှူဒါန်းပေးနိုင်ရေး၊ ပြည်နယ်အတွင်း စာကြည့်တိုက် ၃၃ ခုအတွက် လိုအပ်လျက်ရှိသည့် ရုပ်မြင်သံကြားစက် ၃၃ လုံးနှင့် ဥပမိရုပ်မကောင်းသည့် မူလတန်းကျောင်းများ အကြီးစားပြုပြင်ရေးကိစ္စများ လှူဒါန်းနိုင်ရေး ဆွေးနွေးကြသည်။

ထို့နောက် ညနေပိုင်းတွင် သီးမစ်ဒေသ ပေါင်းစည်းလယ်ယာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ နွေရာသီ၌ အောင်ရေရရှိရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ ဟားခါးမြို့ ၆၆ ကေဗွီ ဓာတ်အားခွဲစက်ရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ၌ ပြည်နယ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပြီး ချွန်ကျုံးကျေးရွာ စာကြည့်တိုက်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အလယ်တန်းကျောင်းဆောင်ပြုပြင်ရန် အထပ်သား ၃၇၅ ချပ်နှင့် ကျေးရွာရေအားလျှပ်စစ်မီး ရရှိရေးအတွက် အလှူငွေကျပ်သိန်း ၆၀ တို့ကို ဖြည့်ဆည်းလှူဒါန်းသည်။

ထို့နောက် ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲသို့တက်ရောက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ မြို့သောက်သုံးရေရရှိရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဗားလုံကျေးရွာအလယ်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသ၏ စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ကောင်းမွန်လာစေရေးနှင့် ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်ရွက်နေမှုများအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် အတူ ဇူလိုင် ၁၇ ရက်နံနက်ပိုင်းတွင် တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ တီးတိန်မြို့နယ် မွီဇောလ်ကျေးရွာအလယ်တန်းကျောင်း(ခွဲ)ကျောင်းဆောင်ဆောက်လုပ်ရန်၊ ဆွောင်းပီးကျေးရွာနှင့် ဆိုင်းဇန်ကျေးရွာ ရေအားလျှပ်စစ်မီးရရှိစေရန်အတွက် အလှူငွေကျပ်သိန်း ၁၆၀၊ တွန်းဇံမြို့နယ် ဂဲလ်မွာလ်ကျေးရွာ ရေအားလျှပ်စစ်မီး ရရှိစေရန်နှင့် နတ်ဇုန်ကျေးရွာမူလတန်းကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၂၅ သိန်း၊ ကျီခါးမြို့နယ်ခွဲ ပန်မွာလ်ကျေးရွာ အုပ်စု မူလတန်းကျောင်းဆောင်နှင့် ကျီခါးမြို့နယ်ခွဲ အထက်တန်းကျောင်းဆောင်ပြုပြင်ရန်နှင့် မာအိုဝမ်ကျေးရွာ ရေအားလျှပ်စစ်မီးရရှိစေရန်အတွက် ငွေကျပ် ၅၅ သိန်း၊ ရိခေါဒါရ်မြို့နယ်ခွဲ လျှန်နှာရွာဟောင်း မူလတန်းကျောင်းဆောင်အသစ်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၂၇၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တီးတိန်မြို့နယ် ပိုးချည်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ကလေးမြို့ ဆည်မြောင်းဦးစီးဌာန ဧည့်ရိပ်သာ၌ ချွန်ကျုံးကျေးရွာအလယ်တန်းကျောင်းနှင့် ဗားလုံကျေးရွာ အလယ်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ပရင်တာတစ်စုံစီ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ဂန့်ဂေါမြို့ ဧည့်ရိပ်သာ၌ ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပျဉ်းကတိုး သစ်ခွဲသားတန် ၁၀၀ ကို လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တီးတိန်မြို့ ကမ်ဟောက် ခန်းမ၌ ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်း အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတွင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဟားခါးမြို့ ရုန်းတောင်ရေဝေရေလဲစိုက်ခင်း၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

○ အင်းလေးမှ

ပြစ်ဒဏ်များဖြင့် တားဆီးကာကွယ်လျက်ရှိပေသည်။ ရာသီအလိုက် ရောက်လာကြသော စင်ရော်ငှက်၊ ရေဘဲ၊ ရေကြက်များ၊ တင်ကျီးငှက်များနှင့် အခြားရှားပါးငှက်များကို ဘေးမဲ့ပြုရေး၊ စိုက်ခင်းများ မီးရှို့ရာမှ မီးကူးစက်လောင်ကျွမ်းမှု မဖြစ်ရေး၊ ကျေးရွာတိုင်း သောက်သုံးရေသန့်ရှင်းရေး၊ အညစ်အကြေးစွန့်ပစ်မှုနှင့် သန့်ရှင်းသောအိမ်သာတည်ဆောက်မှု၊ ပိုးသတ်ဆေးသုံးစွဲမှု၊ ရေပြင်တွင် အမှိုက်ကင်းစင်ရေးတို့ကို အမြဲတမ်း ပညာပေးလျက်ရှိပေသည်။

ခရီးသွားပြည်သူများ ရေပြင်တွင် အမှိုက်မချရန် စက်လှေတိုင်းတွင် ပညာပေးတားမြစ်ချက်များ ကပ်ထားကြသည်။ စက်လှေပေါ်တွင် ခရီးသွားရင်း ဆေးလိပ်မသောက်ရန်လည်း တားမြစ်ထားလေသည်။ (ဆေးလိပ်မီးပွား လွင့်တတ်ခြင်း)

နိုင်ငံခြားဧည့်ခရီးသွားများ လာရောက်ပါက အင်းလေး၏ခလှေစရိုက်နှင့် ရိုးရာယဉ်ကျေးမှုတို့ကိုသာ ဧည့်လမ်းညွှန်တို့က လိုက်နာပြသရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုပပျောက်စေရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် သတိအသိရှိကြဖို့ လိုအပ်ပေသည်။ ရှေးကနှင့်မတူ တိုးတက်ဖွံ့ဖြိုးလျက်ရှိသော အင်းလေးဒေသတွင် ခေတ်နှင့်အညီ သုံးစွဲမှုစရိတ်တန်ဖိုးတွေကလည်း မြင့်သည်ထက် မြင့်မားနေသည်။ ငွေဈေး၊ ရွှေဈေးများနှင့် အတက်အကျကိုမူတည်၍ စားသောက်ကုန်၊ လူသုံးပစ္စည်း၊ စက်လှေခ၊ ကားခ၊ ဆက်သွယ်ရေးစရိတ်၊ ဟိုတယ်ခန်းငှားရမ်းခ၊ ဝန်ဆောင်ခများ တက်လျက်ရှိသည်။

နိုင်ငံခြားသားဧည့်များ၊ ပြည်တွင်းခရီးသွားများသည် **"အိမ်သာမှ ဧည့်လာ"** ဆိုသည့် စကားနှင့်အညီ သင့်တင့်လျောက်ပတ်၍ တန်ဖိုးနှင့်ညီမျှသော ဝန်ဆောင်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ နွေးထွေးကြိုဆိုဧည့်ခံ ကျွေးမွေးစောင့်ရှောက်မှုများရှိနေမည်ဆိုလျှင် သာယာလှပသော အင်းလေးသို့ လာရောက်လည်ပတ် လေ့လာသူများနေမည် ဖြစ်ပါသည်။

မိတ်ဆွေများနှင့် ဆက်ဆံရာတွင် လိုက်လျောညီထွေမှုရှိနေပါက မိမိတို့ဒေသထွက်ကုန်များ၊ အလုပ်အကိုင်များ အဆင်ပြေမည်ဖြစ်ပြီး ကြွယ်ဝဖွံ့ဖြိုးတိုးတက်နေသော အင်းလေးဒေသအဖြစ် တည်ရှိနေမည်မှာ ဧကန်ဖြစ်သည်။ အနုပညာသည်သာ ဘဝ၏အလှသစ္စာဆိုသည်နှင့်အညီ အင်းလေးသူ၊ အင်းလေးသားတို့၏ တိုးတက်တီထွင်မှု အနုပညာမျိုးစုံတို့ဖြင့် ကမ္ဘာ့အလယ်တွင် **"မြန်မာ"** ဟု **"အင်းလေးအလှ"** တရားက အစဉ် ဂုဏ်ယူဝင့်ကြွားနေမည်ဖြစ်ပါသည်။ **"မြန်မာ့အလှသဘာဝ ကမ္ဘာကို သက်သေပြနေသော အင်းလေးကန်အလှကို လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြပါစို့"** ဟု ရေးသားလိုက်ရပါသည်။ ။



ဆည်မြောင်း ဦးစီးဌာန၏ အင်းလေးကန်အတွင်း အနည်ထိုင်မြေနှစ်များဖယ်ရှားရေး လုပ်ငန်းခွင်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၁၅ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၅ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ အတီးပြိုင်ပွဲ
- ၈း၅၀ ၁၂။ "နိုင်ငံတကာနျူကလီးယားစွမ်းအင်များ"
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ "လှေကားသုံးထစ်ဆင်းတဲ့အခါ"
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၀၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၁၅ ၉။ International Science News
- ၅း၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၀ ၁၄။ ရွှေရင်ခုန်သံ
- ၆း၅၀ ၁၅။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ" (ဘီလီယက်နှင့်စနူကာ)
- ၇း၀၀ ၁၆။ အိမ်ထောင်စုဝင်လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းတွင် ဖြေလျှော့ဆောင်ရွက်ပေးမည့် အချက်အလက်များနှင့် သိကောင်းစရာများ
- ၇း၃၀ ၁၇။ အေဝမ်းစိုးမြင့်ဝိုင်းသံစုံတူရိယာဖျော်ဖြေခန်း
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၇၇)**
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "အဲဒီလိုနဲ့သူတို့နဲ့ကိုယ်နဲ့"** (လွင်မိုး၊ မင်းဟိဏ်း၊ ချောရတနာ၊ သဇင်၊ ဖူးစုံ၊ ပြည့်ဖူးခိုင်) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]
- ၂၄။ အစီအစဉ်ပြီး၏။

❖ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းတစ်လျှောက် မိုးကြီးပြီး တောင်ကျရေများကြောင့် တံတားချဉ်းကပ်လမ်းများ ရေတိုက်စားမှု၊ လမ်းသားများ ပြိုကျနေမှုတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၆၂/၇)၊ (၆၁/၅)နှင့် (၆၀/၃)တို့ရှိ ရေကျော်အခြေအနေတို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားပျက်စီးမှု မရှိစေရေး ရေကျော်များတွင် Step ခံ၍ ပြုပြင်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

မှာကြား

ယင်းနောက် ယင်းချောင်းတံတားကြံ့ခိုင်မှု၊ တံတားရေတိုက်စားမှု ကာကွယ်ရန်အတွက် ရေစီးကြောင်း လမ်းလွှဲဖောက်လုပ်နေမှု၊ တံတားများ၊ Box Culvert များ၊ ရေပြွန်များနှင့် ကတ္တရာလမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရွှေပန်းကုံးရှင်းလင်းဆောင်၌ လမ်းတံတား ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်နေရာ၌ ဂိတ်စခန်းစနစ်တကျဖွင့်၍ ကားလမ်းကြံ့ခိုင်မှု ထိန်းသိမ်းဆောင်ရွက်ရန်၊ လမ်းအမှတ်အသားများနှင့်မိုင်တိုင်များကို အသစ်ပြန်လည်ဆောင်ရွက်ရန်၊ မြို့နယ်အစ/မြို့နယ်အဆုံး ဆိုင်းဘုတ်များကို မြင်သာအောင် စိုက်ထူပေးရန်နှင့် ကုမ္ပဏီများအပိုင်းကလည်း တာဝန်ယူဆောင်ရွက်သည့် လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သွားရန်တို့ကို အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၁၅/၂)နှင့် (၁၅/၃)အကြားရှိ ကတ္တရာလမ်း၊ မိုင်တိုင်အမှတ်(၁၁)ရှိ ထန်းတပင်ချောင်းတံတားနှင့် မိုင်တိုင်အမှတ် (၁၀/၁)ရှိ ငလိုက်ချောင်းတံတားအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားများ၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ပေးရန်၊ မြေကတုတ်များရိုက်၍ ကာကွယ်ထိန်းသိမ်းပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာပြည်သူ့ဆေးရုံ၊ မုံရွာဘူတာနှင့် တိုင်းရင်းဆေးရုံတို့ကို ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်နေသော လူနာတစ်ဦးအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်လူနာဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရိုးအထူးကုဆောင်၌ တက်ရောက်နေသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မုံရွာဘူတာသို့ ရောက်ရှိပြီး ရထားသံလမ်းများ၊ ဘူတာဝန်းကျင်၊ ကုန်လက်ခံဌာန၊ လက်မှတ်အရောင်းဌာနနှင့် ရုံးခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းရင်းဆေးရုံ၌ အမျိုးသား၊ အမျိုးသမီး တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်နေမှုနှင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေဖက်စပ်ကုမ္ပဏီလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်က ရွှေထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ရွှေဖက်စပ်လုပ်ငန်းများကြီးကြပ်ရေးရုံး ဒုတိယအထွေထွေမန်နေဂျာ ဦးထိန်ဝင်းက ရွှေ၊ သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များကို လည်းကောင်း၊ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေး ကော်မတီက ဦးစီးဖွင့်လှစ်သည့် အထွေထွေ ဘဏ်လုပ်ငန်းသင်တန်းအမှတ်စဉ်(၁၈) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများနှင့် မန်နေဂျင်းဒါရိုက်တာများ၊ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် စီးပွားရေးပညာရှင်များ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက သင်ကြားပို့ချပေးမည့် နိုင်ငံတကာ ဘဏ်လုပ်ငန်းနှင့် ပြည်တွင်း ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပညာဗဟုသုတများကို တတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာပြီး မိမိတို့လုပ်ငန်းခွင်၌ အကျိုးရှိရှိ အသုံးချကြရန် မှာကြားသည်။

အဆိုပါ အထွေထွေဘဏ်လုပ်ငန်း သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း အထွေထွေဘဏ်လုပ်ငန်းသင်တန်းအမှတ်စဉ်(၁၈) ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၁၉

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၅	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်	၈၀%
၂	ကယားပြည်နယ်	၂၉	၂၁	နေရာကျဲကျဲမိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၂	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၄	နေရာအနှံ့အပြား မိုးရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၇	နေရာကျဲကျဲမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက် မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၉	၂၁	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၇	နေရာကွက်ကျားမိုးရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်တော်မြို့တွင် ၁၀ ဒသမ ၁၂ လက်မ၊ မြောက်ဦးမြို့နှင့် ခန္တီးမြို့တို့တွင် ၉ ဒသမ ၃၇ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၈ ဒသမ ၅၄ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၆၁ လက်မ၊စစ်တွေမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၉၃ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၅၂ လက်မ၊ တမူးမြို့တွင် ၃ ဒသမ ၄၃ လက်မနှင့် ကျိုက္ခမီမြို့တွင် ၃ ဒသမ ၁၅ လက်မတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နေ ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝပေးမည့် ဇီဝကဆေးခန်းများ ဖွင့်လှစ်တော့မည်

သတင်းမှတ်စု - ဇော်မင်းအောင်(၁၀၇)

"အာရောဂျံ ပရမံလာဘံ" ဆိုစကားနှင့်အညီ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကြီးမှူး၍ နေပြည်တော် ဇမ္ဗူသီရိမြို့ သပြေကုန်းရပ်ကွက် သပြေကုန်းဈေးအနီးတွင် "ဇီဝကဆေးခန်း" ၄၀ ကျော်ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ရာ တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကြီး ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

ယင်းဆေးခန်းများတွင် ကျန်းမာရေးအတွက် အခြေခံကျသော ဂွမ်း၊ ပတ်တီး၊ အရက်ပြန်၊ တစ်ခါသုံးဆေးထိုးအပ်မှစ၍ ပါရဂူသုံး ဆေးဝါးများအထိ ၂၄ နာရီပတ်လုံး ဝယ်ယူနိုင်သည်။ ထို့ပြင် တရုတ်တိုင်းရင်းသမားတော်ဆေးခန်းများနှင့် ဆေးဝါးများ၊ တရုတ်ရိုးရာအပ်စိုက်ဆေးခန်းများအပါအဝင် မြန်မာတိုင်းရင်းသမားတော်ဆေးခန်းများနှင့် တိုင်းရင်းဆေးဝါးအရောင်းဆိုင်များ၊ ကျန်းမာရေးနှင့်ပတ်သက်သော ဓာတ်ခွဲခန်းများ၊ ဓာတ်မှန်ခန်းများ၊ ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးများနှင့် အထောက်အကူပြု ကိရိယာအရောင်းဆိုင်များ၊ မျက်မှန်အရောင်းဆိုင်များ၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးခန်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးခန်း၊ အရိုးအကြော အထူးကုဆေးခန်း၊ မီးယပ်နှင့် သားဖွား အထူးကုဆေးခန်း၊ အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ် အထူးကုဆေးခန်းများ၊ သွားနှင့်ခံတွင်း အထူးကုဆေးခန်း၊ အထွေထွေရောဂါအထူးကုဆေးခန်းများပါ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နားလည်တတ်ကျွမ်းသော ပါရဂူကြီးများ အထူးကြပ်မတ် ကုသပေးမည်ဖြစ်သည်ဟု သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ "လူကြီးတွေပြောတဲ့အတိုင်း ကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝပေးမည်။ လိုအပ်တဲ့ဆေးဝါးလည်း တစ်နေရာတည်းမှာ အပြည့်အစုံရနိုင်တယ်။ နားလည်တတ်ကျွမ်းတဲ့ အထူးကုဆရာဝန်ကြီးနဲ့ လိုအပ်တဲ့ကုသမှုများကို တိတိကျကျ မှန်မှန်ကန်ကန် ကုသလို့ရတယ်။ ကုသဖို့လည်း ဆေးဝါးပစ္စည်းကိရိယာ အပြည့်အစုံရှိနေတဲ့အတွက် အရင်တုန်းကလို ရန်ကုန်၊ မန္တလေးသွားစရာမလိုတော့ဘဲ အချိန်ကုန် စရိတ်ကုန် သက်သာတဲ့အတွက် အများကြီးဝမ်းသာမိပါတယ်။ သာဓုလည်း ခေါ်မိပါတယ်"လို့ နေပြည်တော်နေ ပြည်သူတစ်ဦး၏အသံကို ကြားမိရတဲ့အတွက် ပြည်သူအကျိုးပြု "ဇီဝကဆေးခန်းကြီး" အဓွန့်ရှည်ပါစေဟု. . . .



ကျေးလက်အထက(ခွဲ) စုပေါင်းသစ်ပင်စိုက်ပျိုး

ဖြူး ဇူလိုင် ၁၉

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ယာဒိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူတို့က ရော်ဘာပင် ၅၀၊ ကော်ဖီပင် ၂၀၀၊ အခြားအရိပ်ရပင်နှင့် သီးပင်စားပင် ၁၀၀ စုစုပေါင်း သစ်ပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (၁၄၀)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန်　ဇူလိုင်　၁၉

တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်အားပေးသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မြိတ်မြို့နယ်အသင်းအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ ဒုတိယဆုရ ထားဝယ်မြို့နယ်အသင်းအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီးက လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရ ထားဝယ်မြို့နယ်အသင်းမှ မငယ်လေးလွင်အား လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီးက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ထားဝယ်မြို့နယ်အသင်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရ မြိတ်မြို့နယ် အသင်းအား တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရ မြိတ်မြို့နယ်အသင်းမှ မောင်ဘချောအား တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌက လည်းကောင်း ဆုများပေးအပ်ကြပြီး ပထမဆုရ မြိတ်မြို့နယ် အမျိုးသမီးအသင်းနှင့် ထားဝယ်မြို့နယ် အမျိုးသားအသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက်ဆုဖလား ပေးအပ်ခဲ့သည်။　(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ မြိတ်မြို့နယ် အမျိုးသမီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်စဉ်။　(သတင်းစဉ်)

ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ မြောင်းမြ၌ ကျင်းပ

နေပြည်တော်　ဇူလိုင်　၁၉

မြန်မာ့အားကစားလောက ဖွံ့ဖြိုး တိုးတက်ရေးနှင့် မြန်မာ့ဘောလုံး အဆင့်မြင့်မားရေး၊ မျိုးဆက်သစ် လူငယ် ဘောလုံးအားကစားသမားများ ထွက်ပေါ်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် တိုက်နယ်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီတွင် မြောင်းမြမြို့ မြို့မဘောလုံးကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆု၊ အတိုးတက်ဆုံး အားကစားသမားဆု၊ ပူးတွဲတတိယဆုရ မြို့မဘောလုံးအသင်းနှင့် ရန်မနိုင် ဘောလုံးအသင်း၊ ဒုတိယဆုရ သိလ္လာတိုက်နယ် ဘောလုံးအသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တာဝန်ရှိသူများက လည်းကောင်း၊ ပထမဆုရ ကွယ်လွယ်ကျေးရွာ ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀ တို့ကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုနှင့် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကို တင့်ဆန်းတို့က လည်းကောင်း ပေးအပ်ကြသည်။　(သတင်းစဉ်)

အလေးမဒိုင်လူကြီး မွမ်းမံသင်တန်း ဖွင့်လှစ်မည်

ရန်ကုန်　ဇူလိုင်　၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(အလေးမပြိုင်ပွဲ)၌ မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အလေးမဒိုင်လူကြီးများ အင်အားပြည့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အလေးမဒိုင်လူကြီးမွမ်းမံသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်း၌ စာတွေ့၊ လက်တွေ့ ဆန်းစစ်ချက်များကို အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်၏ မေးခွန်းလွှာများဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများအား အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ် အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ အလေးမ ဒိုင်လူကြီးလိုင်စင်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၏ ဒိုင်လူကြီးလိုင်စင် ရရှိထားသူများ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၁၆၀ သို့ ဇူလိုင် ၂၄ ရက် နောက်ဆုံးထား၍ သတင်းပို့ရမည်ဖြစ်သည်။　(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောအသင်း လူရွေးပွဲ ကျင်းပမည်

ရန်ကုန်　ဇူလိုင်　၁၉

၂၀၁၁ ခုနှစ် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ဘော်လီဘောအားကစားသမားများ လူရွေးချယ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် လှိုင်မြို့နယ် သံလမ်းအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၂၅)နှစ်အောက် အရည်အချင်းရှိသည့် ဘော်လီဘော အားကစားသမားများ လာရောက်အရွေးချယ်ခံနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း-၅၆၄၄၈၉နှင့် ၀၉-၅၁၈၉၉၄၃ တို့သို့ စုံစမ်းမေးမြန်းနိုင်သည်။　(သတင်းစဉ်)

ဆာအိုပေါ်လိုအသင်း အငှားစာချုပ်ဖြင့် ဒီနယ်ဆင်ကိုခေါ်ယူ

ဆာအိုပေါ်လို　ဇူလိုင်　၁၉

ဘရာဇီးကလပ် ဆာအိုပေါ်လိုသည် မိမိတို့၏ ကစားသမားဟောင်းဖြစ်သူ အာဆင်နယ် ကွင်းလယ်ကစားသမား ဒီနယ်ဆင်ကို တစ်နှစ်အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူခဲ့ပြီဖြစ်သည်။

အသက် (၂၃)နှစ်ရှိ ဒီနယ်ဆင်သည် ပြီးခဲ့သည့်ရာသီက အာဆင်နယ်အသင်းတွင် ခြောက်ပွဲသာ ပွဲထွက် ကစားခွင့်ရရှိခဲ့ခြင်းအပေါ် အလွန်စိတ်ပျက်နေသူဖြစ်သည်။ ထို့ပြင် ၎င်းသည် ၂၀၀၆ ခုနှစ်က ဆာအိုပေါ်လိုအသင်းမှ အာဆင်နယ်သို့ ရောက်လာခဲ့ပြီး အာဆင်နယ်အသင်းနှင့်အတူ ငါးရာသီ ကစားခဲ့ရာတွင် မည်သည့် ချန်ပီယံဆုဖလားမှ ရရှိခြင်းမရှိခဲ့ပေ။ ဒီနယ်ဆင်က မိမိအနေဖြင့် မိသားစုကြောင့် ဘရာဇီးကို ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏ ကစားသမားဘဝ စတင်ခဲ့ရာ ဆာအိုပေါ်လိုအတွက် ပြန်လည်ကစားခွင့်ရခြင်းကို ဝမ်းသာမိကြောင်း၊ သို့သော် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဦးမည်ဖြစ်ကြောင်းနှင့် ဘရာဇီးတွင် ကစားသမားဘဝကို ဆက်လက်ရှင်သန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။　**ESPN**

ဆာအိုပေါ်လိုသို့ အငှားချထားခြင်းခံရသည့် ဒီနယ်ဆင်။

ဟန်သစ်

AEK အေသင်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဂွတ်ဂျွန်ဆင်။

AEK အေသင်အသင်းသို့ ဂွတ်ဂျွန်ဆင် ပြောင်းရွှေ့

အေသင်　ဇူလိုင်　၁၉

စတုတ်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံး၍ အသင်းလက်မဲ့ဖြစ်နေသည့် ဂွတ်ဂျွန်ဆင်သည် ဂရိကလပ် AEK အေသင်သို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့နိုင်ခဲ့ပြီဟု သိရသည်။

အသက် (၃၂) နှစ်ရှိပြီဖြစ်သည့် ဂွတ်ဂျွန်ဆင်သည် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့သွားပြီဟု စောစောပိုင်းက သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဇူလိုင် ၁၈ ရက်သတင်းများအရ AEK အေသင်နှင့် စာချုပ်နိုင်ခဲ့ပြီဟု သိရသည်။ ချယ်လ်ဆီးအသင်းတွင် ကာလအတန်ကြာအောင် ကစားခဲ့သည့် ဂွတ်ဂျွန်ဆင်သည် စပိန်ထိပ်သီးကလပ် ဘာစီလိုနာသို့ ရောက်သွားချိန်တွင် ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ အရန်ခုံတွင်သာ ထိုင်နေရသည်က များနေခဲ့ရသည်။ ထို့ကြောင့် ၎င်းသည် ပရီမီယာလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရာမှ ယခုအချိန်တွင် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချပြီး AEK အေသင်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။　**The Sun**

ဘောလုံးလောက အပြောင်းအရွှေ့

ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ အားကစားသမား အပြောင်းအရွှေ့များမှာ-

မာကိုရစ်(နောက်တန်း) ဖရန့်ဖွတ်မှ ဝုဖ်ဘတ်၊ ဂါရေး(နောက်တန်း) ရီးယဲလ်မက်ဒရစ်မှ ဘင်ဖီကာ၊ ဘလန်ကို (ကွင်းလယ်) လီဗာပူးမှ ဘလက်ပူး၊ ဂျွန်နသန်ဂရင်းနင်း(ကွင်းလယ်) ဖူလ်ဟမ်မှ နော့တင်ဟမ်ဖောရစ်၊ ကော်လီဘလီ (ရှေ့တန်း) ဆီနာမှ စပါးနှင့် အက်ဂွါဒို(ဂိုး) ဂျီနိုအာမှ ဘင်ဖီကာတို့ပင် ဖြစ်သည်။　**Goal**

အမြို့မြို့အနယ်နယ်၌ သစ်ပင်များ စိုက်ပျိုး

ဝက်လက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဝက်လက်　ဇူလိုင်　၁၉

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောရေးရာဝန်ကြီး ဦးသန်းထိုက်သည် ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် ဝက်လက်မြို့နယ် စစ်ကိုင်း-ရွှေဘိုလမ်း သားနားကျေးရွာအနီး မိုင်တိုင်အမှတ် (၅၉/၃) နှင့် မိုင်တိုင်အမှတ် (၆၀/၃) အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ရတနာတန်းဝင် ကျွန်းနှင့် အရိပ်ရပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၆၀၊ တမာ ၂၄၀၊ ယူကလစ် ၂၄၀ စုစုပေါင်းအပင် ၆၄၀ ကို ရွှေဘိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှဦး၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ စစ်ကိုင်း-မုံရွာ-ရွှေဘိုလမ်းစီမံကိန်း စီမံကိန်းဒါရိုက်တာ ဦးဇော်မင်းဦး၊ ရွှေဘိုခရိုင် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ကျေးရွာပြည်သူများက သစ်ပင်များ စိုက်ပျိုးကြသည်။**(အောက်ပုံ)**　(၄၆၉)

မြင်းမူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြင်းမူ　ဇူလိုင်　၁၉

မြင်းမူမြို့နယ်တွင် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းက မုံရွာ-မြင်းမူ-မန္တလေးကားလမ်း မြင်းမူမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၄၆/၆ နှင့် ၄၆/၇)အကြား၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၁၀၀၊ တမာပင် ၂၈၀ စုစုပေါင်း အပင် ၃၈၀ ကို စိုက်ပျိုးခဲ့ကြသည်။**(အောက်ပုံ)**　(၆၂၄)

ဖလမ်း၌ ဆင္ဃမအကြိမ် စုပေါင်းသစ်ပင်စိုက်

ဖလမ်း　ဇူလိုင်　၁၉

ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းတို့ ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူ ၂၀၅ ဦးတို့သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက ဖလမ်းမြို့ တလန်လိုရပ်ကွက် သီရိဥတ္တမတောင်ကုန်း ဇမ္ဗူအေးစေတီတော်အနီး ပတ်ဝန်းကျင်တွင် ထင်းရှူး၊ မက်ခေါက်၊ စိန်ပန်း၊ သရက်ခွန်၊ ရေသင်းဝင်စသည့် ပျိုးပင်ပေါင်း ၇၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။　(ခရိုင်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ကနီမြို့နယ် လင်ပုန်းရည်ကျေးရွာနှင့် ချောင်းမကျေးရွာချင်းဆက်လမ်းဘေး ဝဲ၊ ယာ၌ ကျင်းပရာ တာဝန်ရှိသူများ ပျိုးပင်များ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား
☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လမ်းအမှတ်အသားနှင့် မိုင်တိုင်များ၊ မြို့နယ် အစ၊ အဆုံး ဆိုင်းဘုတ်များအား အသစ်ရေးဆွဲပြီး မြင်သာအောင်စိုက်ထူကာ လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်ဦး-ကျောက်ပန်းတောင်းလမ်းအပိုင်းနှင့် ကျောက်ပန်းတောင်း-ဂွေးချို-ရေနံချောင်း-မကွေးလမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မြတ်နိုးသူကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း (ကျောက်ပန်းတောင်း-ညောင်ဦး လမ်းအပိုင်း) မိုင်တိုင်အမှတ်(၁၈/၂)နှင့် (၁၉)အကြား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လက်ရှိကတ္တရာလမ်း ၁၈ ပေ အကျယ်မှ ၂၄ ပေအကျယ်ရရှိအောင် ဆောင်ရွက်ရန်၊ နူတ်ခမ်းသားပဲ့နေသည့် ကတ္တရာလမ်းများကို ပွင့်လင်းရာသီတွင် အမြန်ဆုံးဆောင်ရွက်သွားရန်၊ ကတ္တရာမျက်နှာပြင်လွှာ ပျက်စီးသောအပိုင်းများ၌ Seal Coat လောင်းပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကောင်းမွန်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မကွေး-ရေနံချောင်း-ဂွေးချို-ကျောက်ပန်းတောင်းလမ်း (ကျောက်ပန်းတောင်း-မကွေး)လမ်းအပိုင်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေ အကျယ်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၃၉၀/၄) နှင့်(၃၉၀/၅)အကြားတွင် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသည့် ကျောက်အရွယ်အစားမှန်ကန်ရေး၊ ကျောက်ဒုအထူအတိုင်းရရှိအောင် ဆောင်ရွက်သွားရေးနှင့် အမာခံသိပ်သည်းမှုရရှိအောင် အထပ်ထပ်ခင်းကြိတ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

စက်မှုထုတ်ကုန်ပြပွဲ နေပြည်တော်၌ ခင်းကျင်းပြသမည်

နေပြည်တော် ဇူလိုင် ၁၉

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကြီးမှူး၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့ကထုတ်လုပ်သော စက်မှုထုတ်ကုန်ပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အဆောက်အအုံ၌ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြပွဲရက်များတွင် တေးဂီတဖျော်ဖြေမှု၊ Model Show ပြသမှုများဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်းနှင့် ခင်းကျင်းပြသထားသော ထုတ်ကုန်ပစ္စည်း အမယ်များကို မည်သူမဆို လက်လီလက်ကား လွတ်လပ်စွာ ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇူလိုင် ၁၉

ဇူလိုင် ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကျောက်တော်	၂၅၇	၁၀. ၁၂	၂၁၅	၈. ၄၆	၂၆-၇-၁၉၉၆	၂၄
၂။	မြောက်ဦး	၂၃၈	၉. ၃၇	၂၂၆	၈. ၉၀	၁၀-၇-၂၀၀၆	၃၃

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်